# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ်စရာ


**အနာဂတ် ပြန်လည်တည်ဆောက်နိုင်မည့် စွမ်းရည်အခြေခံပညာရေး** — ဆောင်းပါး — စာ ၆

**ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လှူတ်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်** — ပြည်တွင်းသတင်း — စာ ၁၅

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နယ်စပ်ဒေသတရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများအား မြန်မာနိုင်ငံဘက်မှ အမြစ်ပြတ် ဖြိုချဖျက်ဆီးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချနေမှုများကို နိုင်ငံတော်အဆင့် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ယခုလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow လာရောက်တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်နေမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ အပြန်အလှန် နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် နေပြည်တော်သို့ နေ့ချင်းပြန်ခရီးလာရောက်ခဲ့သည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow နှင့် တွေ့ဆုံဆွေးနွေးပြီး ၎င်းနှင့်ကိုယ်စားလှယ်အဖွဲ့အား Jasmine Nay Pyi Taw Hotel ၌ အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းများဖြစ်ကြပြီး နှစ်နိုင်ငံအကြား တူညီသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ လူမှုဆက်နွှယ်မှုများနှင့် စီးပွားရေးအရ အခိုင်အမာ အပြန်အလှန်အမှီသဟဲပြုမှုတို့ဖြင့် ချည်နှောင်ထားကြောင်း၊ ယင်းဆက်နွှယ်မှုများသည် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် ခိုင်မာအားကောင်းသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း အတည်ပြုသည်။

၎င်းတို့က နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ထိန်းသိမ်းရေး၏ အရေးပါမှုကို အလေးပေးဆွေးနွေးခဲ့ကြပြီး ယင်းသည် နှစ်နိုင်ငံ နယ်စပ်နေ အသိုက်အဝန်းများ သာယာဝပြောရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသမှ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို မြန်မာအစိုးရက အမြစ်ဖြတ်တိုက်ဖျက်လျက်ရှိရာတွင် မြန်မာနှင့် အိမ်နီးချင်းနိုင်ငံများအကြား ထိရောက်သောပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ယင်းအပြင် တရားမဝင်ဂိတ်များမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုများကြောင့် ဖြစ်ပေါ်သည့် နောက်ဆက်တွဲဆိုးကျိုးများနှင့် မတည်ငြိမ်မှုများအား ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ အကျိုးစီးပွားကို ရှေးရှုလျက် တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုမြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံကိစ္စရပ်များဖြေရှင်းရန်နှင့် အပြန်အလှန်အကျိုးစီးပွားကို မြှင့်တင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများအား ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံသာယာဝပြောရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအတွက် အစဉ်တံခါးဖွင့်ထားပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre)မှတစ်ဆင့် ထိုင်းအစိုးရ၏ ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ်ရှိ အထကခွဲ(သပြေကုန်း)သို့ သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၇**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများ၊ ဆရာဆရာမများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဆေးပညာရှင်များနှင့် မွေးမြူရေးပညာရှင် နှစ်မျိုးစလုံးကို အမိတက္ကသိုလ်ကြီးက အတူတကွ မွေးဖွားပေးလိုက်ပြီဖြစ်ရာ ပညာရှင်မောင်နှမများ အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ကြမှသာ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်မြင့်မားရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် ပြည့်စုံအောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပညာရှင်များ၏ တန်ဖိုးကို အလေးအနက်ထားသည့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရှင်များတိုးမြှင့်မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ယခုပညာသင်နှစ်က စတင်ပြီး ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့တက္ကသိုလ်၏ “မွေးမြူဆေးကု တိုင်းပြည်ပြု” ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ သားငါးမွေးမြူထုတ်လုပ်ရေး ကဏ္ဍ တိုးတက်စေရန်အတွက် မိမိတို့ သင်ယူလေ့လာထားကြသော ပညာဗဟုသုတများ အတွေ့အကြုံများကို အသုံးချပြီး အများပြည်သူကို စိတ်ချမ်းမြေ့အောင် ဝန်ဆောင်နိုင်စွမ်းသော၊ လူ့အသိုင်းအဝိုင်းအတွက် အကျိုးရှိသော၊ အကျင့်စာရိတ္တအရ ယုံကြည်စိတ်ချရသော၊ သစ္စာနှင့် ကျင့်ဝတ်ရှိသော တာဝန်သိပညာရှင်များဖြစ်အောင် ကြိုးစားကြရန်နှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရပ်ပိုင်းဆိုင်ရာ အားကိုးအားထားပြုရသူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ထူးချွန် ဆရာဆရာမနှင့် တန်းစဉ်ပေါင်း ရမှတ်အများဆုံးဆုရ ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနား အစီအစဉ် ဒုတိယပိုင်းတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပညာရေးအဖွဲ့က ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ကြေညာခြင်းခံရသော မွေးမြူရေးပညာဘွဲ့ BASc ဘွဲ့ရမောင်မယ် ၄၉ ဦး၊ တိရစ္ဆာန်ဆေးပညာဘွဲ့ DVM ၅၅ ဦး၊ မွေးမြူရေးမဟာပညာဘွဲ့ MASc ခြောက်ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ MVSc ၁၂ ဦး၊ ပါရဂူဘွဲ့ PhD သုံးဦးနှင့် အဝေးရောက်ဘွဲ့ယူသူတစ်ဦး စုစုပေါင်း ၁၂၆ ဦးကို ပါမောက္ခချုပ်က ဘွဲ့များ အပ်နှင်းချီးမြှင့်သည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အနေဖြင့် စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှစတင်၍ ယနေ့အထိ (၆၈)နှစ်တာ ကာလအတွင်း BVS/BVSc ဘွဲ့ရ ၅၆၇၂ ဦး၊ BASc ဘွဲ့ရ ၃၀၃ ဦး၊ DVM ဘွဲ့ရ ၂၃၈ ဦး၊ Dip L.I.S ၂၂၀၊ Dip.L.P.A. ၄၄၉ ဦး၊ MPhil ၂၁ ဦး၊ MVM ကိုးဦး၊ MVSc ၃၅၀၊ MASc ခုနစ်ဦး၊ PhD ၂၈ ဦးတို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၇**

ဒီဇင်ဘာ ၈ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့၌ ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

ရွေးကောက်ပွဲကျင်းပရန်
ရက် ၂၀
သာ လိုတော့သည်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) သို့ သွားရောက်စစ်ဆေးသည်။

**အလေးထားဆောင်ရွက်ပေး**

ဦးစွာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးအကြားအလပ်မရှိအကျိုးညီ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို တိတိကျကျလိုက်နာ၍ အဂတိတရား ကင်းရှင်းစွာဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားကာ ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်၍ ရုံးဝင်းအတွင်းရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးဝင်းအတွင်း သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ကျိုင်းတုံ) သို့ရောက်ရှိ၍ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်နှင့် စာကြည့်တိုက်တို့ကို လည်းကောင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း(ကျိုင်းတုံ) သို့ရောက်ရှိကာ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာနှင့် အားကစားကွင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် ကျိုင်းတုံမြို့မှ လွယ်မွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ ကျောင်းသားကျောင်းသူများအနေဖြင့် သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ်လေ့လာသင်ယူသွားကြရန် ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ကျိုင်းတုံ)ရှိ သင်တန်းသူများ အဆင့်မြင့်စက်ချုပ်ပညာ သင်ကြားနေမှုအား ကြည့်ရှုစဉ်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့မှ မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ သင်တန်းသူများ အနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားအားထုတ် လေ့ကျင့်သင်ကြားကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည် အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။


ဆက်လက်၍ တာချီလိတ် ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ အာဒီး-နားကျဲ ၃ မိုင် ၂ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ အပြီးသတ် မြေလမ်းဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ကွမ်ရှီး CPC ပါတီ အတွင်းရေးမှူး Mr. Chen Gang တို့ AI ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ဉာဏ်ရည်တုနည်းပညာ (AI)ကဏ္ဍ၌ နီးနှောဖလှယ်မှုများ ဆောင်ရွက်နိုင်ရန် ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာ မြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်နင်းမြို့သို့ ဒီဇင်ဘာ ၅ ရက်၌ လေ့လာရေးခရီးစဉ် ရောက်ရှိကြသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးသည် ကွမ်ရှီးကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Chen Gang နှင့် ယင်းနေ့မွန်းလွဲပိုင်းတွင် ကွမ်ရှီးကွန်မြူနစ်ပါတီ ကော်မတီရုံး၌ တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အမြဲတမ်းအဖွဲ့ဝင်နှင့် ဒုတိယဥက္ကဋ္ဌ လူရှင်နင်းနှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းတို့ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးစဉ် Mr. Chen Gang က ကွမ်ရှီးသည် အာဆီယံအတွက် နိုင်ငံတကာ AI ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအချက်အချာဖြစ်ရန် တရုတ်-အာဆီယံနိုင်ငံများ AI အသုံးချပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနကို အရှိန်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း၊ ကွမ်ရှီးနှင့် မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ နီးကပ်ပြီး ဆက်ဆံရေးနက်ရှိုင်းကျယ်ပြန့်ကာ နှစ်နိုင်ငံအရေးပါသော သဘောတူညီချက်များကို အကောင်အထည်ဖော်ရန်ရှိရာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အခွန့်ရှည်ခိုင်မြဲစေလျက် နှစ်နိုင်ငံဘုံအကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့် မြန်မာနိုင်ငံနှင့် AI ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ AI အပါအဝင် ထွန်းသစ်စ ဒစ်ဂျစ်တယ်နည်းပညာများကို အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေးအတွက် ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ အမျိုးသားအဆင့်ဉာဏ်ရည်တုနည်းပညာမဟာဗျူဟာနှင့် မူဝါဒတို့ကို ရေးဆွဲခဲ့ပြီး မကြာမီချမှတ်ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ယခုနှစ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တည်ထောင်သည့် (၇၅)နှစ်မြောက် စိန်ရတုနှစ်လည်းဖြစ်ရာ ယခုခရီးစဉ်ကို အခွင့်အရေးခြေလှမ်းတစ်ရပ်အဖြစ်အသုံးချ၍ ညီအစ်ကိုသဖွယ် ချစ်ကြည်ရင်းနှီးလှသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုအခွန့်ရှည် ခိုင်မြဲစေလျက် ကွမ်ရှီးဒေသနှင့် ဒစ်ဂျစ်တယ် ပိုးလမ်းမကြီးစီမံကိန်း၌ AI ကဏ္ဍဖွံ့ဖြိုးရေး ထိရောက်နက်ရှိုင်းလှသော ပူးပေါင်းဖလှယ်ဆောင်ရွက်မှုသစ်များ စဉ်ဆက်မပြတ် အရှိန်မြှင့်တင်ပြီး အေးအတူပူအမျှ မျှဝေသောအနာဂတ်အသိုက်အဝန်းကောင်းများကို အတူတကွ တည်ဆောက်သွားကြရန် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ် ပြန်လည်တည်ဆောက်နိုင်မည့် စွမ်းရည်အခြေခံပညာရေး

**ကိုချင်း**

စွမ်းရည်အခြေခံပညာရေး (Skill-Based Education) ဆိုတာဟာ ကျောင်းသား ကျောင်းသူတွေကို လက်တွေ့ဘဝနဲ့ လုပ်ငန်းခွင်တွေမှာ တိုက်ရိုက်အသုံးချနိုင်တဲ့ တိကျတဲ့ စွမ်းရည်တွေ (Practical Skills) တိုးတက်လာစေဖို့ အဓိကထား သင်ကြားပေးတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။

> **❍ ဘယ်နည်းပညာကိုမဆို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက ကိုယ်ပိုင်စီးပွားရေးအဖြစ် စတင်နိုင်ပါတယ်။ လျှပ်စစ်ကျွမ်းကျင်သူ၊ မော်တာပြင်ဆင်ကျွမ်းကျင်သူ၊ စက်ကိရိယာ အသုံးပြုကျွမ်းကျင်သူ စတဲ့ ကျွမ်းကျင်မှုတစ်ခုတည်းနဲ့လည်း ကိုယ်ပိုင်လုပ်ငန်းငယ်တစ်ခုကို စတင်တည်ထောင် ရပ်တည်နိုင်ပါတယ်**
>
> **❍ NSSA လက်မှတ်ဟာ ပညာရေးလမ်းကြောင်းတစ်ခုတည်းကို မှီခိုနေရခြင်းမှ လွတ်မြောက်စေပြီး လက်တွေ့အရည်အချင်းကို အသိအမှတ်ပြုပေးတဲ့ လမ်းကြောင်းအသစ်တစ်ခုဖြစ်ကာ ဝင်ငွေတိုးတက်မှုမှသည် နိုင်ငံတကာအထိ ရောက်ရှိနိုင်တဲ့ အခွင့်အလမ်းတွေကို ဖွင့်လှစ်ပေးထားပါတယ်**

သမားရိုးကျပညာရေး ဆိုတာ **သီအိုရီဆိုင်ရာ အသိပညာ၊ အချက်အလက်နဲ့အကြောင်းအရာတွေ**ကိုမှတ်သားဖို့အလေးပေးလေ့ရှိပေမယ့် **စွမ်းရည်အခြေခံပညာရေး (Skill-Based Education)** မှာတော့ ထိုအသိပညာတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ **လုပ်ဆောင်နိုင်စွမ်း (Competency) နဲ့ ကျွမ်းကျင်မှု (Proficiency)** တို့ကို ပိုမိုအာရုံစိုက်ပြီး သင်ကြားပေးတာ ဖြစ်ပါတယ်။

**စွမ်းရည်အခြေခံပညာရေး (Skill-Based Education) ရဲ့ အဓိကအချက်များ**

- **လက်တွေ့ကျမှု။** စာသင်ခန်းထဲမှာ သင်ယူထားတဲ့ အသိပညာတွေကို လက်တွေ့ကိစ္စရပ်တွေ၊ စီမံကိန်းတွေ (Projects) နဲ့ ပြင်ပအခြေအနေတွေမှာ အသုံးချနိုင်ဖို့ လေ့ကျင့်ပေးမှာ ဖြစ်ပါတယ်။
- **စွမ်းဆောင်ရည်ကို အာရုံစိုက်ခြင်း (Focus on Competency)။** ကျောင်းသားတွေဟာ သတ်မှတ်ထားတဲ့ အချိန်ကာလတစ်ခုကို ရောက်ရှိသွားလို့ သင်ရိုးပြီးဆုံးခြင်းထက် သတ်မှတ်ထားတဲ့ စွမ်းရည်ကို ပိုင်ဆိုင်နေပြီဖြစ်ကြောင်း သက်သေပြနိုင်မှသာ နောက်တစ်ဆင့်ကို တက်ရောက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ (တစ်ဦးချင်းအနေနဲ့ တိုးတက်မှု (Self-paced Progress) နှုန်းထားတွေ ရရှိလာနိုင်ပါတယ်)။
- **လုပ်ငန်းခွင်နှင့် ဆက်စပ်မှု။** ခေတ်မီလာတဲ့ အလုပ်အကိုင်ဈေးကွက်ရဲ့ လိုအပ်ချက်တွေ **(ဥပမာ – ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ ဆက်သွယ်ပြောဆိုမှု၊ ပူးပေါင်းဆောင်ရွက်မှုစတဲ့ ၂၁ ရာစု စွမ်းရည်တွေ)** ကို တိုက်ရိုက်ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ပါတယ်။
- **လက်တွေ့သင်ယူမှု။ ဆွေးနွေးပို့ချချက်တွေ**သာ မဟုတ်ဘဲ **လက်တွေ့လုပ်ဆောင်ခြင်း၊ အခန်းကဏ္ဍခွဲပြီး ဆောင်ရွက်ခြင်းနဲ့ စမ်းသပ်မှုတွေ**ကို အသုံးပြုပါတယ်။

ဒါကြောင့် စွမ်းရည်အခြေခံပညာရေးဟာ ကျောင်းသားတွေကို လက်တွေ့ဘဝမှာ အောင်မြင်စွာ ရင်ဆိုင်နိုင်ဖို့အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ ပေးစွမ်းနိုင်ရေးကို ပိုမိုရည်ရွယ်တဲ့ ခေတ်ရေစီးကြောင်းတစ်ခု ဖြစ်ပါတယ်။

**စွမ်းရည်အခြေခံပညာရေးနဲ့ သမားရိုးကျပညာရေး ကွာခြားချက်**

| အချက် | စွမ်းရည်အခြေခံ ပညာရေး | သမားရိုးကျ ပညာရေး |
|---|---|---|
| **အဓိကအာရုံစိုက်မှု** | လက်တွေ့ကျသော စွမ်းရည်များနှင့် စွမ်းဆောင်နိုင်စွမ်း | သီအိုရီ အသိပညာနှင့် အချက်အလက်များ |
| **သင်ကြားမှုပုံစံ** | လက်တွေ့ လုပ်ဆောင်မှု၊ ပရောဂျက် | ဆွေးနွေးပို့ချခြင်း၊ စာဖတ်ခြင်း |
| **စစ်ဆေးပုံ** | စွမ်းရည်ကို လက်တွေ့သရုပ်ပြခြင်း လုပ်ဆောင်ချက် အခြေခံ | စာမေးပွဲ စစ်ဆေးမှုများ (Exam) |
| **ရလဒ်** | လုပ်ငန်းခွင်အတွက် အသင့်ဖြစ်မှု | ကျယ်ပြန့်သော အသိပညာ |

**(National Skills Standards Authority – NSSA ) ကျွမ်းကျင်လက်မှတ်မှ အခွင့်အလမ်း အသစ်တစ်ခု**

မြန်မာနိုင်ငံမှာ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ရင် ဘဝအောင်မြင်သွားမယ်လို့ မိဘ၊ သားသမီးအများစုက ယုံကြည်လာကြတာ သက်တမ်းကြာရှည်ခဲ့ပါပြီ။ အဲဒီလို အိပ်မက် သဘောထားတွေက တစ်စိတ်တစ်ဒေသအနေနဲ့ မှန်ကန်ပေမယ့် **တက္ကသိုလ်ဝင်တန်း မအောင်မြင်သူတစ်ယောက်ဟာ ဘဝအောင်မြင်နိုင်စွမ်း ပျောက်ကွယ်သွားတယ်ဆိုတဲ့ ယုံကြည်ချက်က အမှန်မဟုတ်တော့တဲ့ ခေတ်အခါတစ်ခု**ကို မြန်မာနိုင်ငံက ကျော်ဖြတ်လာနေပါပြီ။

ခိုင်မာအားကောင်းတဲ့ အလုပ်အကိုင်ဈေးကွက်၊ တိုးတက်ပြောင်းလဲနေတဲ့ စက်မှုထုတ်လုပ်ရေး၊ မြင့်မားလာတဲ့ နိုင်ငံတော်ဖွံ့ဖြိုးရေး လိုအပ်ချက်တွေအရ လက်တွေ့ကျကျ ကျွမ်းကျင်တတ်မြောက်ကြသူလို့ခေါ်တဲ့ လူသားအရင်းအမြစ်အမျိုးအစားဟာ ဒီနေ့ခေတ် အလုပ်အကိုင်ဈေးကွက်အတွက် အလွန်အင်မတန် အရေးကြီးလာနေပါပြီ။

ဒီလိုအခြေအနေတွေကြားမှာ တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတဲ့သူတွေကို လုပ်ငန်းခွင်လမ်းမပေါ် သေချာပေါက် ပြန်လည်လျှောက်လှမ်းစေနိုင်မယ့် အကြောင်းအရာတစ်ခု ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority – NSSA) ကျွမ်းကျင်မှုလက်မှတ်ပဲ ဖြစ်ပါတယ်။

ဒီ NSSA လက်မှတ်က အတန်းပညာမပြီးမြောက်သူများတောင် တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပါက ကျွမ်းကျင်သူ (Skilled Worker)၊ ကြီးကြပ်သူ (Supervisor)၊ နည်းပညာကျွမ်းကျင်သူ (Technician) တွေအထိ ဖြစ်နိုင်ပြီး ပြည်တွင်းပြည်ပ အလုပ်အကိုင်ဈေးကွက်ထဲက အလွန်ကြီးမားတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ တကယ့်လက်တွေ့ဘဝကို ပြောင်းလဲစေနိုင်မယ့် လမ်းတစ်ခုဆိုတာ အများပြည်သူတို့ သိရှိနားဝင်သွားဖို့ လိုအပ်တဲ့ အချိန်အခါပါပဲ။

တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတာကြောင့် **“ကျွမ်းကျင်မှုတွေကို ပြသနိုင်မယ့် နေရာမရှိတော့ဘူး”** လို့ မထင်ပါနဲ့။ အမှန်တရားကတော့ တက္ကသိုလ်ကနေ ပြီးမြောက်အောင်မြင်တဲ့သူတွေဟာ စာသင်ယူတတ်မြောက်နိုင်မှုကို ပြသနိုင်ကြပြီး NSSA လက်မှတ်ရ ကျွမ်းကျင်သူတွေကတော့ တကယ့်လက်တွေ့ကျွမ်းကျင်တတ်မြောက်မှုကို ပြသနိုင်ကြပါတယ်။

တက္ကသိုလ်ကျောင်းသားတွေ အများစုမှာ ယုတ္တိရှိရှိ တွေးခေါ်နိုင်စွမ်း၊ အခြေခံသိပ္ပံ အသိပညာ၊ သင်ယူနိုင်စွမ်း၊ စည်းကမ်း စတဲ့ စွမ်းဆောင်ရည်တွေ ရှိကြပါတယ်။

လက်တွေ့ကျွမ်းကျင်မှုများကိုတော့ တစ်နှစ် သို့မဟုတ် နှစ်နှစ် နည်းပညာဆိုင်ရာ သို့မဟုတ် ရွေ့လျားသင်တန်းတွေနဲ့ သက်မွေးပညာတွေကို တည်ဆောက်လိုက်မယ်ဆိုရင် အလုပ်အကိုင်ဈေးကွက်က လက်ခံတဲ့ ကျွမ်းကျင်သူမှတစ်ဆင့် နည်းပညာကျွမ်းကျင်သူ (Technician) တစ်ယောက်ဖြစ်လာနိုင်ပါတယ်။

**NSSA သတ်မှတ်ထားတဲ့ အဆင့် (၄) ဆင့် သို့မဟုတ် ဘဝလုပ်ငန်းအောင်မြင်ရေး လမ်းသွယ် (၄) ခု**

NSSA ရဲ့ အလုပ်အကိုင် အသိအမှတ်ပြု အဆင့် (၄) ဆင့်က ကြီးမားတဲ့ အသုံးချနိုင်စွမ်းတွေကိုပါ တွဲဖက်ထားပါတယ်။ NSSA အဆင့်(၂) / အဆင့်(၃) ကို ရရှိသွားရင် တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတဲ့သူတွေတောင် နည်းပညာကျွမ်းကျင်သူ (Technician) တွေ ဖြစ်လာနိုင်ပါတယ်။ NSSA အဆင့် (၄) ကိုသာ ရရှိခဲ့မယ်ဆိုပါက ကြီးကြပ်သူ (Supervisor) တောင်မှ ဖြစ်လာနိုင်ပါတယ်။ ဒီလိုဆိုရင် ဝင်ငွေလစာနှုန်းက တော်တော်ကို ပြောင်းလဲသွားပါပြီ။

**အလုပ်အကိုင် ဈေးကွက်ရဲ့ အမှန်တကယ် လိုအပ်ချက်က “စာမေးပွဲအောင်မြင်သူ” မဟုတ်ဘူး၊ “အလုပ်အကိုင် ကျွမ်းကျင်တတ်မြောက်သူ” သာ ဖြစ်ပါတယ်။** ဘယ်နိုင်ငံမဆို အလုပ်ဈေးကွက်အတွင်း လိုအပ်ချက် သုံးမျိုး ရှိပါတယ်–

(၁) **မြင့်မားသောပညာရပ်ဆိုင်ရာ ပညာရှင်များ(Professionals)**
ဥပမာ – ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေးဆိုင်ရာ/ အချက်အလက်ဒေတာ ဆန်းစစ်သူ

(၂) **နည်းပညာကျွမ်းကျင်သူများ (Skilled Technicians)**
ဥပမာ – လျှပ်စစ်ပညာရှင် (Electrician)၊ ဂဟေဆက်ပညာရှင် (Welder)၊ စက်ပြင်သူ (Machinist)၊ စက်ဆိုင်ရာနည်းပညာကျွမ်းကျင်သူ(Machinery Technician)၊ လေအေးပေးစက်ပညာရှင် (AC Technician)၊ ဆောက်လုပ်ရေးဆိုင်ရာ နည်းပညာကျွမ်းကျင်သူ (Construction technician)

(၃) **ကျွမ်းကျင်မှုမရှိသော အလုပ်သမား (သို့မဟုတ်) သာမန်အလုပ်သမား (Unskilled Labour)**

ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတွေမှာ အထက်ပါအချက်အမှတ်(၂)အပေါ် မူတည်ပြီး စီးပွားရေးအင်ဂျင်ကြီးတွေကို လည်ပတ်ထားပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်ဈေးကွက်မှာလည်း နည်းပညာကျွမ်းကျင်သူတွေ အများကြီးလိုအပ်နေပြီး အဲဒီနည်းပညာကျွမ်းကျင်သူတွေက NSSA လက်မှတ်နဲ့ အလွန်မြင့်မားတဲ့ တန်ဖိုးရှိ အလုပ်တွေကို ရရှိလုပ်ကိုင်နိုင်နေကြပါပြီ။

**NSSA Skilled Worker ဖြစ်နိုင်ကြောင်း သက်သေ (၇) မျိုး**

၁။ နိုင်ငံတစ်လွှားမှာရှိတဲ့ TVET Centers တွေဟာ အဓိကအားဖြင့် တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတဲ့သူတွေကိုပဲ ပစ်မှတ်ထား လေ့ကျင့်ပေးဖို့ ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်ပေးနေပါတယ်။

၂။ NSSA ဆန်းစစ်ချက် (NSSA Assessment) ဟာ စာမေးပွဲ မဟုတ်ဘဲ လုပ်ငန်းအခြေပြု ကျွမ်းကျင်မှုစစ်ဆေးရေး (Task-Based Competency Test) ဖြစ်ပါတယ်။

၃။ သင်တန်း ၃ လ – ၆ လနဲ့ ကျွမ်းကျင်မှုအဆင့် (Skill Level) တက်နိုင်ပါတယ်။

၄။ အာဆီယံနိုင်ငံတွေရဲ့ အလုပ်အကိုင်ဈေးကွက်က NSSA Level 3 = AQRF Level 4 Technician ကို လက်ခံပါတယ်။

၅။ ကိုရီးယား EPS၊ ဂျပန် TITP၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေကို အလုပ်သမားအဖြစ် ထွက်ခွာလိုသူ အများစုအတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုစစ်ဆေးရေး (Skill Test) တွေဟာ လက်တွေ့ပညာစွမ်းရည် (Workshop Skills)၊ စက်ကိရိယာတွေ အသုံးချနိုင်မှု (Machine Skills) နဲ့ ဂဟေဆက်ခြင်းကျွမ်းကျင်မှု (Welding Skills) တို့ကို အဓိကထား စစ်ဆေးလေ့ရှိပါတယ်။

၆။ ပုဂ္ဂလိကပိုင်စက်ရုံတွေ၊ လုပ်ငန်းခွင်တွေနဲ့ စက်မှုလုပ်ငန်းတွေမှာ ကျွမ်းကျင်မှုလက်မှတ် ရရှိထားသူ အလုပ်သမားတွေကို လစာပိုမို ပေးအပ်လေ့ရှိပါတယ်။

၇။ မြန်မာ့စက်မှုလုပ်ငန်းခွင်တွေမှာ နည်းပညာကျွမ်းကျင်သူတွေ လိုအပ်မှုက ယနေ့အချိန်ထိ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲပဲ ဖြစ်ပါတယ်။ လျှပ်စစ်ပညာရှင်၊ စက်ပြင်သမား၊ ဂဟေဆက်သမား၊ အီလက်ထရောနစ်ပညာရှင် စတဲ့ လက်တွေ့လုပ်ငန်းခွင် ကျွမ်းကျင်သူတွေကို စက်ရုံ၊ အလုပ်ရုံ အသီးသီးမှာ **“အမြဲတမ်း ခေါ်ဆိုနေရသော နေရာ”** အဖြစ် ရှိနေပါတယ်။ ဒီအခြေအနေဟာ ထုတ်လုပ်မှုစွမ်းရည်၊ ကုန်ထုတ်စွမ်းအားနဲ့ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေတဲ့ ရေရှည်ပြဿနာတစ်ရပ်လည်း ဖြစ်ပါတယ်။ *စာမျက်နှာ ၇ သို့*

# ဒေါပုံမြို့နယ်၌ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေး

ဒေါပုံ ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်အတွင်းရှိ ပြည်သူများ အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသော သောက်သုံးရေများ စဉ်ဆက်မပြတ်ရရှိစေရန်နှင့် ရေမှတစ်ဆင့်ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားမှု နည်းပါးစေရန် ရည်ရွယ်၍ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးခြင်းနှင့် ကွင်းဆင်းလေ့လာခြင်းတို့ကို ယမန်နေ့က ဇေယျာသီရိ ရပ်ကွက်အတွင်းရှိ (ဒေါ-၅) ရေတွန်းစက်ရှိရာသို့ တာဝန်ရှိသူများက ကွင်းဆင်း



ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒေါပုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထူးထက်၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာ(ရေသန့်) ဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးနှင့် အဖွဲ့ဝင်များက ဒေါ-၅ ရေတွန်းစက်မှ မြို့နယ်အတွင်း သုံးရေများ ဖြန့်ဝေလျက်ရှိရာ ရေလှောင်ကန်အတွင်းရှိ ရေသန့်စင်မှုနှင့် ကလိုရင်းပါဝင်မှု ပမာဏအား စက်ဖြင့် တိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် အောင်မင်္ဂလာ လမ်းအတွင်းရှိ နေအိမ်များတွင် အသုံးပြုနေသည့် သုံးရေထားရှိသည့် နေရာများအား သန့်ရှင်းမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



စဥ့်ကိုင်မြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို၊ ဘွဲ့လွန် ပထမနှစ်ဝက်သင်တန်းသားများကို နိုဝင်ဘာ ၂၄ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ပထမနှစ်ဝက်သင်တန်းသား ကျောင်းသား ကျောင်းသူ ၁၃၄၀ အား ဒုတိယပါမောက္ခချုပ် ဒေါက်တာစန်းစန်းတင့်နှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဌာနမှူးများ၊ နည်းပြ/သရုပ်ပြ ဆရာ ဆရာမများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ပထမနှစ်အတွက် သင်ကြားရမည့်ဘာသာရပ်သင်ခန်းစာများကို ဆက်လက်သင်ကြားလျက်ရှိစဉ်။

ကျော်စွာ(စဥ့်ကိုင်)

# ဘိုကလေးမြို့နယ်၌ ဆောင်းသီးနှံ နေကြာနှင့်ဆီပဲပုပ် စုပေါင်းမျိုးစေ့ချပွဲကျင်းပ

ဘိုကလေး ဒီဇင်ဘာ ၇

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာအုပ်စု ကွင်းအမှတ် (၇၇၉)၊ ဦးပိုင်အမှတ်(၁၉) တောင်သူဦးဖိုးဇော်၏ လယ်မြေ၌ ဆောင်းသီးနှံ နေကြာနှင့် ဆီပဲပုပ်မျိုးစေ့ချပွဲ အခမ်းအနားအား ယမန်နေ့နံနက်ပိုင်းက



ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က တောင်သူများအား ဆောင်းသီးနှံ နေကြာနှင့် ဆီပဲပုပ်သီးနှံများကို စီမံကိန်းလျာထားဧက ပြည့်မီအောင် အလေးထားစိုက်ပျိုးကြရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး တက်ရောက်လာကြသူများစုပေါင်း၍ တောင်သူ ဦးဖိုးဇော်၏ လယ်မြေ၌ နေကြာသီးနှံနှင့် ဆီပဲပုပ်မျိုးစေ့များအား စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒေါင့်ကြီးကျေးရွာအုပ်စုနှင့် ထော်ပိုင်ကျေးရွာအုပ်စုများရှိ နေကြာနှင့် ပဲပုပ်စိုက်ပျိုးမည့်တောင်သူများနှင့်တွေ့ဆုံ၍ စိုင်ပျိုးဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



နေပြည်တော် ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ဒီဇင်ဘာ ၅ ရက်က စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်း ကွာဟချက်အပေါ် ဆန်းစစ်ခြင်းဆင့်ပွားသင်တန်း ဖွင့်လှစ်ရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားစဉ်။ နီလာ(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

**NSSA လက်မှတ်ဟာ အသက်မွေးဝမ်းကျောင်းတိုးတက်ဖို့အတွက် ဘယ်လိုအကျိုး သက်ရောက်သလဲ**

၁။ **အလုပ်ရှာရလွယ်ကူခြင်း**

တက္ကသိုလ်ပညာရေး မပြီးဆုံးသူတွေလည်း NSSA အဆင့်(၂)/ အဆင့်(၃) လက်မှတ်ရရှိရင် အလုပ်ရှင်တွေထံကနေ ယုံကြည်မှုရရှိပြီး တစ်ခါတည်း နှစ်သက်သဘောကျမှုမျိုးကို လက်ခံရရှိစေနိုင်ပါတယ်။

၂။ **လစာတိုးတက်မှု ရှိလာခြင်း**

ကျွမ်းကျင်နည်းပညာရှင်တစ်ဦးရဲ့ ဝင်ငွေက စတင်ဝင်ငွေမှ တစ်ဆင့် အတွေ့အကြုံ ရင့်ကျက်လာမှုအပေါ် မူတည်ပြီး ကျွမ်းကျင်မှုအဆင့် တက်လာကာ လစာတိုးတက်မှု ရရှိလာမှာ ဖြစ်ပါတယ်။

၃။ **နိုင်ငံခြားမှာ အလုပ်လုပ်ကိုင်နိုင်ဖို့ အခွင့်အရေးများခြင်း**

NSSA အဆင့် (၃) လက်မှတ်က ASEAN AQRF (ASEAN Qualifications Reference Framework) နဲ့ ချိတ်ဆက်ထားတာကြောင့် အခြားနိုင်ငံတွေကလည်း နည်းပညာကျွမ်းကျင်သူ အဆင့်အတန်းအဖြစ် အသိအမှတ်ပြုလက်ခံပေးပါတယ်။

၄။ **ကိုယ်ပိုင်လုပ်ငန်း တည်ထောင်နိုင်ခြင်း (Entrepreneurship)**

ဘယ်နည်းပညာကိုမဆို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက ကိုယ်ပိုင်စီးပွားရေးအဖြစ် စတင်နိုင်ပါတယ်။ လျှပ်စစ်ကျွမ်းကျင်သူ၊ မော်တာပြင်ဆင်ကျွမ်းကျင်သူ၊ စက်ကိရိယာ အသုံးပြုကျွမ်းကျင်သူ စတဲ့ ကျွမ်းကျင်မှုတစ်ခုတည်းနဲ့လည်း ကိုယ်ပိုင်လုပ်ငန်းငယ်တစ်ခုကို စတင်တည်ထောင် ရပ်တည်နိုင်ပါတယ်။

NSSA လက်မှတ်ဟာ ပညာရေးလမ်းကြောင်းတစ်ခုတည်းကို မှီခိုနေရခြင်းမှ လွတ်မြောက်စေပြီး လက်တွေ့အရည်အချင်းကို အသိအမှတ်ပြုပေးတဲ့ လမ်းကြောင်းအသစ်တစ်ခုဖြစ်ကာ ဝင်ငွေတိုးတက်မှုမှသည် နိုင်ငံတကာအထိ ရောက်ရှိနိုင်တဲ့ အခွင့်အလမ်းတွေကို ဖွင့်လှစ်ပေးထားပါတယ်။

**အတန်းပညာ မပြီးတာဟာ "အဆုံးမဟုတ်ဘူး" လို့ ပြောဖို့ အချိန်ရောက်ပြီ**

ဘဝမှာ အောင်မြင်ဖို့ဆိုတာ စာအုပ်ထဲက အသိပညာတစ်ခုတည်း မဟုတ်ပါ။ လက်တွေ့ တတ်မြောက်တဲ့စွမ်းရည်နဲ့ ထိုစွမ်းရည်ကို တရားဝင်အတည်ပြုပေးတဲ့ လက်မှတ် (Certification) တို့သာ အဓိကကျပါတယ်။

**NSSA လက်မှတ်ကို နိုင်ငံတော်က တရားဝင် အသိအမှတ်ပြုထားပြီး ပြည်တွင်းရှိ ပုဂ္ဂလိကနဲ့ အစိုးရစက်ရုံအလုပ်ရုံအများစုက လက်ခံပါတယ်။ အာဆီယံရဲ့ AQRF (ASEAN Qualifications Reference Framework) စနစ်နဲ့ ချိတ်ဆက်ထားတာကြောင့် အာဆီယံနိုင်ငံတွေမှာလည်း ကျွမ်းကျင်မှုအဆင့်အတန်းအဖြစ် အသိအမှတ်ပြုခံရမှာ ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာ အလုပ်အကိုင် ရှာဖွေရာမှာ မရှိမဖြစ် စံချိန်စံညွှန်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါတယ်။**

အတန်းပညာ မပြီးဆုံးသူတွေအနေနဲ့ မိမိတို့ ဘဝဟာ မတည်မြဲ၊ မရေရာဟု လုံးဝမယူဆသင့်ပါ။ နည်းပညာရပ်တစ်ခုကို စနစ်တကျ တတ်မြောက်အောင်မြင်ခဲ့ရင် ၎င်းတို့ဟာ **နည်းပညာကျွမ်းကျင်သူ (Technician)** သို့မဟုတ် **ကျွမ်းကျင်သူ (Skilled Worker)** အဖြစ် မြန်မာနိုင်ငံရဲ့ စက်မှုနဲ့ စီးပွားရေးအတွက် အလွန်အရေးပါတဲ့ **"ထုတ်လုပ်မှု အင်ဂျင်"** တစ်ခုအဖြစ် ရပ်တည်နိုင်မှာပဲ ဖြစ်ပါတယ်။

NSSA ကျွမ်းကျင်လက်မှတ်ဟာ ဤခရီးအတွက် အကောင်းဆုံးသော စတင်မှတ်တိုင် (Start Point) တစ်ခုပဲ ဖြစ်ပါတယ်။ အတန်းပညာ မပြီးဆုံးသူလည်း NSSA Skill Certificate ကို ရယူခြင်းဖြင့် မိမိ အနာဂတ်ကို တည်မြဲအောင် တည်ဆောက်နိုင်မှာပဲ ဖြစ်ပါတယ်။

**NSSA ကျွမ်းကျင်လက်မှတ် ရယူဖို့ လမ်းညွှန်**

၁။ **ဘယ်လိုစရမလဲ။** မိမိ စိတ်ဝင်စားရာ သင်ယူလိုတဲ့ နည်းပညာဘာသာရပ်ကို ရွေးချယ်ပါ (ဥပမာ - ဂဟေဆက်ခြင်း၊ လျှပ်စစ်ကျွမ်းကျင်သင်တန်း၊ စက်ချုပ်ခြင်း(အခြေခံ)၊ အဆောက်အအုံဆောက်လုပ်ရေး၊ ပိုက်ဆက်ပြုပြင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ခြင်း၊ လေအေးပေးစက်/ ရေခဲသေတ္တာပြုပြင်ခြင်း၊ ဟိုတယ်နဲ့ ဧည့်ခံကျွမ်းကျင်မှုများ၊ အိုင်စီတီ အခြေခံကျွမ်းကျင်မှုများ စသဖြင့်)။ NSSA ရဲ့ ညွှန်ကြားထားတဲ့ သင်တန်းကျောင်းတွေမှာ စာရင်းသွင်းပါ။ သက်ဆိုင်ရာ အဆင့်အတန်းအတွက် သင်တန်းတက်ရောက်ပြီး လိုအပ်တဲ့ လက်တွေ့နဲ့ဆန်းစစ်ချက်တွေကို ဖြေဆိုအောင်မြင်ရပါမယ်။

၂။ **ဘယ်သူနဲ့ ဆက်သွယ်ရမလဲ။** NSSA ရဲ့ တရားဝင် ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက် စာမျက်နှာတွေက တစ်ဆင့် NSSA က အသိအမှတ်ပြုထားတဲ့ သင်တန်းကျောင်းတွေ (Authorized Training Centers) ကို တိုက်ရိုက်ဆက်သွယ် စုံစမ်းနိုင်ပါတယ်။

၃။ **ဘယ်အဖွဲ့အစည်းတွေက လက်ခံသလဲ။** NSSA လက်မှတ် ကို နိုင်ငံတော်က တရားဝင် အသိအမှတ်ပြုထားပြီး ပြည်တွင်းရှိ ပုဂ္ဂလိကနဲ့ အစိုးရစက်ရုံအလုပ်ရုံအများစုက လက်ခံပါတယ်။ အာဆီယံရဲ့ AQRF (ASEAN Qualifications Reference Framework) စနစ်နဲ့ ချိတ်ဆက်ထားတာကြောင့် အာဆီယံနိုင်ငံတွေမှာလည်း ကျွမ်းကျင်မှုအဆင့်အတန်းအဖြစ် အသိအမှတ်ပြုခံရမှာ ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာ အလုပ်အကိုင် ရှာဖွေရာမှာ မရှိမဖြစ် စံချိန်စံညွှန်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါတယ်။

ဒါကြောင့် ကျောင်းပညာရေးရဲ့ တစ်ခုတည်းသော လမ်းကြောင်းမှာ မပြည့်စုံပေမယ့် NSSA ကျွမ်းကျင်လက်မှတ်က သင့်အား ဘဝအောင်မြင်မှုကို ခုန်ပျံကျော်လွှားရယူနိုင်တဲ့ လမ်းကြောင်းသစ်တစ်ခုအနေနဲ့ ဖွင့်လှစ်ပေးမှာ ဖြစ်ပါကြောင်း အသိပေးရေးသား တင်ပြအပ်ပါတယ်။

**ကိုးကား** - အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊
- မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့။

# တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

**တပ်ကုန်း ဒီဇင်ဘာ ၇**

တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တပ်ကုန်းအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာ သင်ကြားပေးခဲ့ကြသည့် အသက် ၆၀ မှ ၈၀ အထက်ရှိ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ စုစုပေါင်း ၁၈၉ ဦး တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား လက်အုပ်ချီမိုးကန်တော့ကြသည်။

ထို့နောက် ဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝေမိုးက ကန်တော့ခံ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြု နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ခင်က ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက အသက် ၇၅ နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများကို MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်များနှင့် ကျောင်းသုံးကိရိယာများ ပေးအပ်သည်။

ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများက ဆုံးမသြဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား ကျောင်းသူဟောင်းများအား MRTV DTH စလောင်း အစုံ ၃၀ ကို မဲဖောက်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့သည်။



တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား ကျင်းပစဉ်။

အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းကြီးကို ၁၉၄၆ ခုနှစ်တွင် အခြေခံပညာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၅၂ ခုနှစ်တွင် အခြေခံပညာ အလယ်တန်းကျောင်း၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်ဆင့် တိုးမြှင့် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အထက(၁)တပ်ကုန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်ကြသူများ များစွာ ပေါ်ထွက်ခဲ့ပြီး လက်ရှိတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၂၄ ဦးကို ဆရာ ဆရာမ ၇၂ ဦးက သင်ကြားပေးလျက်ရှိသည်။ အာစရိယပူဇော်ပွဲကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့အဆင့်ရှိတဲ့ နိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေ ဆွတ်ခူးရရှိအောင် ကြိုးစားသွားပါ့မယ်

■ ဦးသက်စံ (ကြက်တောင်အသင်း အုပ်ချုပ်သူ)

**ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများသည် နိုဝင်ဘာ ၃၀ ရက်မှစတင်၍ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဖူဆယ်(မ)၊ ဂျူဂျစ်ဆု၊ ရွက်လှေနှင့် ကြက်တောင်အားကစားအသင်းတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံဗန်ကောက်နှင့် ချွန်ဘူရီမြို့များသို့ ထွက်ခွာသွားကြပြီဖြစ်ရာ အဆိုပါနိုင်ငံ့ဂုဏ်ဆောင်အားကစားအသင်းတို့မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံမေးမြန်းထားသည်တို့ကို စုစည်းဖော်ပြလိုက်ပါသည်–**



ဒေါ်ဝါဝါခိုင် (ဖူဆယ်အမျိုးသမီး ဘောလုံး လက်ထောက်နည်းပြ)



ဦးသက်စံ (ကြက်တောင်အသင်း အုပ်ချုပ်သူ)



ဦးသန့်ဇင်ဦး(ဂျူဂျစ်ဆုအသင်း အုပ်ချုပ်သူ/နည်းပြ)



ဒေါ်မြသီရိလွင် (ရွက်လှေအသင်း အုပ်ချုပ်သူ)

**ဒေါ်ဝါဝါခိုင် (ဖူဆယ်အမျိုးသမီးဘောလုံးအသင်း လက်ထောက်နည်းပြ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် ဖူဆယ်အမျိုးသမီးပြိုင်ပွဲကိုကျင်းပခဲ့ပြီး ကလပ်ပေါင်းစုံက ကစားသမား ၃၁ ဦးကို ရွေးချယ်ခဲ့ပြီးတော့ နောက်ဆုံးဆန်ခါတင် ၁၄ ဦး သတ်မှတ်ခဲ့ပါတယ်။ သုံးလခွဲကြာ လေ့ကျင့်ခဲ့ပြီး အခုပြိုင်ပွဲကို အုပ်ချုပ်သူနဲ့နည်းပြ ၁၀ ဦး၊ ကစားသမား ၁၆ ဦးအပါအဝင် ၃၀ သွားရောက်မှာဖြစ်ပါတယ်။ အသင်းအနေနဲ့ အုပ်စု(B)မှာ အင်ဒိုနီးရှား၊ ဗီယက်နမ်နဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီး ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီမှာ အင်ဒိုနီးရှားနဲ့စပြီး ယှဉ်ပြိုင်ဖို့ရှိပါတယ်။

ပြိုင်ဘက်အသင်းတွေဟာလည်း သန်မာတဲ့ အသင်းတွေဖြစ်ပေမယ့် ကျွန်မတို့အသင်းကို နည်းပြတွေက အကောင်းဆုံး လေ့ကျင့်ပေးထားတာကြောင့် ဆီမီးဖိုင်နယ်အထိ တက်လှမ်းဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အုပ်စုပွဲစဉ်မှာ အင်ဒိုနီးရှားကို အကောင်းဆုံး ယှဉ်ပြိုင်ပြီး ဗီယက်နမ်ကိုနိုင်တာနဲ့ အုပ်စုတက်ပါပြီ။ ဟိုဘက်အသင်းက မလေးရှား၊ ဒါမှမဟုတ် ဖိလစ်ပိုင်အသင်းနဲ့ တွေ့မှာပါ။ သူတို့ကိုနိုင်ပြီဆိုရင် အိမ်ရှင်ထိုင်းနဲ့ ဗိုလ်လုပွဲ ကစားရဖို့ရှိပါတယ်။ အောင်ပန်းနဲ့အတူ ပြန်လာမှာဖြစ်တဲ့အတွက် ရွှေတံဆိပ်ဆုတွေရရှိအောင် ကြိုးစားခဲ့ပါမယ်။ ဘောလုံးအားကစားကို ချစ်မြတ်နိုးကြတဲ့ မြန်မာပရိသတ်တို့ရဲ့ အားပေးမှုကိုလည်း အထူးစောင့်မျှော်နေပါတယ်။

**ဦးသက်စံ(ကြက်တောင်အသင်း အုပ်ချုပ်သူ)**

ဆီးဂိမ်းပြိုင်ပွဲကို နည်းပြ/အုပ်ချုပ်သူ လေးဦး၊ ကစားသမား ၁၇ ဦးနဲ့ စုစုပေါင်း ၂၁ ဦး သွားရောက်မှာဖြစ်ပါတယ်။ အမျိုးသား/ အမျိုးသမီး တစ်ဦးချင်း၊ နှစ်ဦးချင်း စတဲ့ ပွဲစဉ်တွေမှာ ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲအတွက် လွန်ခဲ့တဲ့ခြောက်လကတည်းက စခန်းသွင်း လေ့ကျင့်ခဲ့ပါတယ်။ အရှေ့တောင်အာရှမှာ ကြက်တောင်အားကစားဆိုရင် ပြိုင်ဘက်နိုင်ငံများဟာ ကမ္ဘာ့အဆင့်တွေမှာ ပါဝင်နေတာကြောင့် နိုင်ငံအတွက် အတတ်နိုင်ဆုံးနဲ့ အကောင်းဆုံးယှဉ်ပြိုင်ပြီး အနည်းဆုံး တတိယဆုရရှိဖို့ ကြိုးစားသွားမှာပါ။

ပြိုင်ပွဲမှာ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအိုနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီး နိုင်ငံလေးနိုင်ငံဟာ ကမ္ဘာ့အဆင့်ရှိတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ကြက်တောင်အားကစားမှာ မျိုးဆက်သစ်အနေနဲ့ လင်းလင်းထက်ပါဝင်ပြီး အများပြည်သူသိရှိထားတဲ့ သက်ထားသူဇာ၊ ဘုန်းပြည့်နိုင်၊ ဟိန်းထွဋ်မှုတို့ ပါဝင်တာကြောင့် နိုင်ငံတကာအတွေ့အကြုံရှိသူတွေလည်းဖြစ်တဲ့အတွက် ကမ္ဘာ့အဆင့်ရှိတဲ့ နိုင်ငံတွေနဲ့ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေ ဆွတ်ခူးရရှိအောင် ကြိုးစားသွားပါ့မယ်။ မြန်မာနိုင်ငံအနေနဲ့ ပြိုင်ပွဲနေ့တွေမှာလည်း အားပေးကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးသန့်ဇင်ဦး(ဂျူဂျစ်ဆုအသင်း အုပ်ချုပ်သူ/နည်းပြ)**

ဆီးဂိမ်းမတိုင်မီကတည်းက ကစားနေတဲ့ အားကစားသမားတွေရှိပါတယ်။ အဲဒါကို အခြေခံပြီး ပြိုင်ပွဲနှစ်ပွဲကျင်းပပြီးတော့ အကောင်းဆုံးကစားသမားတွေကို ရွေးချယ်ခဲ့ပါတယ်။ အားကစားသမား ရှစ်ဦးနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဂျူဂျစ်ဆုအားကစားအဖွဲ့ချုပ်အနေနဲ့ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အများကြီး ကြိုးစားသွားမှာပါ။ အောင်မြင်မှုရမယ်လို့လည်း မျှော်မှန်းထားပါတယ်။

ဂျူဂျစ်ဆုအဖွဲ့ချုပ်ဟာ စတင်ဖွဲ့စည်းတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် အခက်အခဲတွေရှိပါတယ်။ အောင်မြင်စွာကျော်ဖြတ်ခဲ့လို့ ယနေ့ဒီကိုရောက်လာတာပါ။ အဲဒါကို ကူညီပံ့ပိုးပေးခဲ့ကြတဲ့ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ပါတယ်။

ပြိုင်ပွဲအမျိုးအစားသုံးမျိုးထဲမှာ Ground Fight ကို အဓိကထားပြီး ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ အမှန်အတိုင်းပြောရရင် ကစားသမားအားလုံးအတွက် ဆုတံဆိပ်တွေ မှန်းထားပြီးသားပါ။ ရွှေရအောင်ပြိုင်မယ်။ အားကစားဆိုတာ ကံပေါ်မှာလည်း မူတည်ပေမယ့် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ။ အိမ်ရှင်နိုင်ငံအပါအဝင် ပြိုင်ပွဲဝင်နိုင်ငံများဟာ ပြိုင်ဘက်ကောင်းတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီဇင်ဘာ ၁၀ ရက်မှာ စတင်ယှဉ်ပြိုင်မှာပါ။ ဆီးဂိမ်းပြိုင်ပွဲမှာ ဂျူဂျစ်ဆုအားကစားအနေနဲ့ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အားပေးပါလို့ တောင်းဆိုပါတယ်။

**ဒေါ်မြသီရိလွင်(ရွက်လှေအသင်း အုပ်ချုပ်သူ)**

ရွက်လှေအားကစားအနေနဲ့ တစ်နှစ်လုံးလေ့ကျင့်ထားပြီး တစ်နှစ်မှာ လေးကြိမ် ပြိုင်ပွဲထဲက အကောင်းဆုံး အားကစားသမားတွေကို ရွေးချယ်ထားပါတယ်။ ပြိုင်ပွဲမှာ အုပ်ချုပ်သူနှစ်ဦးနဲ့ အသက် ၁၂ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်နဲ့ ၁၉ နှစ်စတဲ့ ပြိုင်ပွဲဝင်ကစားသမားလေးဦးပါဝင်ပြီး ကစားနည်းလေးမျိုးကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ သူတို့ယှဉ်ပြိုင်ရမယ့် ပုံစံတွေကတော့ မတူကြပါဘူး။

ရွက်လှေအသင်းအနေနဲ့ ဒီတစ်နှစ်အတွင်း နိုင်ငံခြားပွဲစဉ်တွေမှာ တောက်လျှောက်ယှဉ်ပြိုင်ခဲ့တာရှိပါတယ်။ နိုင်ငံခြားက နည်းပြတွေငှားရမ်းပြီး အကောင်းဆုံးလေ့ကျင့်ခဲ့ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေရရှိဖို့ မျှော်မှန်းထားပါတယ်။ ယှဉ်ပြိုင်ရမယ့် နိုင်ငံတွေဟာ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး ထိုင်း၊ မလေးရှားနဲ့ စင်ကာပူအသင်းဟာ လုံးဝသတိထားပြီး ယှဉ်ပြိုင်ရမယ့် အသင်းတွေဖြစ်ပါတယ်။ အကောင်းဆုံးပြင်ဆင်ထားတာကြောင့် ဆုတံဆိပ်တွေနဲ့ပြန်လာဖို့အတွက် မိဘပြည်သူများက မြန်မာအသင်းကို အားပါးတရ အားပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**တွေ့ဆုံမေးမြန်း – သစ္စာ(MNA)**

**ဓာတ်ပုံ – ဇွဲမာန်**

# ဒီပြိုင်ပွဲအတွက် အစွမ်းကုန် ကြိုးစားထားပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနေနဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ရှေ့ဆောင်လမ်းပြအဖြစ် ဆုတံဆိပ်တွေနဲ့ ပြန်လာခဲ့ပါ့မယ်

ဦးကောင်းဇော်(ကျွမ်းဘားအဖွဲ့ချုပ် အုပ်ချုပ်သူ)

**ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် နိုဝင်ဘာ ၃၀ ရက်မှစတင်၍ အားကစားနည်းအလိုက် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထွက်ခွာလျက်ရှိရာ ဒီဇင်ဘာ ၇ ရက်တွင်လည်း ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ မြင်းစီး၊ ကျွမ်းဘားနှင့် အပြည်ပြည်ဆိုင်ရာ လှေ(Rowing) အဖွဲ့တို့သည် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြပြီဖြစ်သည်။**



ဦးဇော်လင်း
(ပိုက်ကျော်ခြင်း – အုပ်ချုပ်သူ)



ဒေါ်ခင်အေးမူ
(ရိုးရာခြင်းလုံး–အုပ်ချုပ်သူ)





ကိုချမ်းမြေ့ဝင်း(မြန်မာနိုင်ငံမြင်းစီး အဖွဲ့ချုပ် ဒုတိယတာဝန်ခံ)





ဦးကောင်းဇော်
(ကျွမ်းဘားအဖွဲ့ချုပ် အုပ်ချုပ်သူ)





ဦးဇော်လွင်ထွန်း (အပြည်ပြည်ဆိုင်ရာ လှေ–အုပ်ချုပ်သူ(Rowing)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ဆုတံဆိပ်များ ပိုင်ဆိုင်ရမည်ဟူသော ခံယူချက်၊ ယုံကြည်ချက်နှင့် ပြင်းပြသောစိတ်ဆန္ဒတို့ဖြင့် လန်းဆန်းတက်ကြွလျက်ရှိသည့် အားကစားအသင်းတို့မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် –

**ဦးဇော်လင်း**
**(ပိုက်ကျော်ခြင်း – အုပ်ချုပ်သူ)**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ကစားသမား အမျိုးသမီး၁၈ဦး၊ အမျိုးသား ၁၅ ဦး၊ အုပ်ချုပ်သူ/ နည်းပြရှစ်ဦးနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အမျိုးသားအသင်းလိုက်၊ အမျိုးသမီးအသင်းလိုက် သုံးယောက်တွဲ၊ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး လေးယောက်တွဲနဲ့ Hook Takraw (ကွင်းအတွင်း၊ ခြင်းခတ်သွင်းယှဉ်ပြိုင်ခြင်း) အားကစားမှာ အမျိုးသား၊ အမျိုးသမီးအတွဲလိုက် ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီဇင်ဘာ ၁၀ ရက်နေ့ ပြိုင်ပွဲအစမှာ Hook Takraw အားကစားနဲ့စပြီး ယှဉ်ပြိုင်ရမှာပါ။

နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်တွေရရှိဖို့ ၂၀၂၅ ခုနှစ် တစ်နှစ်လုံး နေပြည်တော်နဲ့ ရန်ကုန်မှာ လေ့ကျင့်ခဲ့ပါတယ်။ လေ့ကျင့်မှုအပိုင်း ပြည့်စုံပြီလို့ပြောရမှာပါ။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာလည်း အမျိုးသမီးအသင်းက ဆုရခဲ့ပြီး ဒီနှစ်ဆီးဂိမ်းမှာ လေးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ယှဉ်ပြိုင်မှုမှာ ရွှေတံဆိပ်ဆုကို မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ပိုက်ကျော်ခြင်း အားကစားကို အားပေးမှုများလာတာကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိအောင်အစွမ်းကုန်ကြိုးစားသွားပါ့မယ်လို့ ကတိပြုပါတယ်။ ပြိုင်ပွဲကိုလည်း မြန်မာပြည်သူအပေါင်း အားပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**ဒေါ်ခင်အေးမူ(ရိုးရာခြင်းလုံး–အုပ်ချုပ်သူ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလမှာ အမျိုးသား ၁၂ ဦးနဲ့ အမျိုးသမီး ၁၂ ဦးကို ရွေးချယ်ခဲ့ပြီး စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ နောက်ဆုံးဆန်ခါတင် အမျိုးသားရှစ်ဦးနဲ့ အမျိုးသမီးရှစ်ဦးကို ပြိုင်ပွဲအတွက် ရွေးချယ်ခဲ့ပါတယ်။ အမျိုးသား၊ အမျိုးသမီး Event-3၊ ပြိုင်ပွဲနှစ်မျိုးမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဓိကပြိုင်ဘက်က အိမ်ရှင်နိုင်ငံပဲ ဖြစ်ပါတယ်။ ရိုးရာခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်နေ့မှာ အမျိုးသား၊ အမျိုးသမီးအသင်း စတင်ယှဉ်ပြိုင်ပြီး နောက်ဆုံးပြိုင်ပွဲက ဒီဇင်ဘာ ၁၀ ရက်နေ့ဖြစ်ပါတယ်။ အခုဆီးဂိမ်းပြိုင်ပွဲမှာ နှစ်မျိုးပဲ ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ရွှေတံဆိပ်မှန်းထားပါတယ်။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခုနဲ့ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးထားတာကြောင့် အခုပြိုင်မယ့် မြန်မာ့ရိုးရာအားကစားခြင်းခတ်ပြိုင်ပွဲကို မြန်မာပြည်သူ၊ ပြည်သားအပေါင်း အဝေးကနေ အားပါးတရ အားပေးကြဖို့လည်း တောင်းဆိုပါတယ်။

**ကိုချမ်းမြေ့ဝင်း(မြန်မာနိုင်ငံမြင်းစီး အဖွဲ့ချုပ် ဒုတိယတာဝန်ခံ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ခဲ့တာကြာပါပြီ။ ထိုင်းနိုင်ငံ ပတ္တရားမှာ လေး၊ ငါးကြိမ်သွားရောက်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံတွေလည်း ရရှိထားပါတယ်။ ပြိုင်ပွဲမှာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲက လက်ရွေးစင်တွေလည်း ပါဝင်ပါတယ်။ မြင်းစီးပြိုင်ပွဲမှာ တန်းခုန်လည်းပါမယ်၊ Event Team လည်းပါမယ်။ မြင်းစီးအားကစားဟာ မြင်းနဲ့ လူနှစ်မျိုးလုံး ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲလည်းဖြစ်ပါတယ်။ ဒီဇင်ဘာ ၁၃၊ ၁၇ နဲ့ ၁၉ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာပါ။ မြင်းစီးအားကစားဟာ အခြားအားကစားလိုမဟုတ်ဘဲ ခန့်မှန်းရခက်ခဲတတ်ပါတယ်။ ဒါပေမယ့် အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ငွေနဲ့ ကြေးဆုတံဆိပ်ရရှိခဲ့ပြီး အခုဆီးဂိမ်းမှာ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားသွားမှာပါ။ မြန်မာနိုင်ငံမှာ ရိုးရာအားကစားနည်းဖြစ်တဲ့ မြင်းစီးအားကစားကို ချစ်မြတ်နိုးတဲ့သူများပါတယ်။ ကျွန်တော်တို့အသင်းကို ခွန်အားပြည့်အားပေးကြပါလို့ ပြောကြားလိုပါတယ်။

**ဦးကောင်းဇော်**
**(ကျွမ်းဘားအဖွဲ့ချုပ် အုပ်ချုပ်သူ)**

ပြိုင်ပွဲမဝင်မီ တစ်နှစ်တိတိ ပြည်တွင်း/ ပြည်ပမှာ လေ့ကျင့်ထားပါတယ်။ ဆီးဂိမ်းမှာ MAG နဲ့ WAG ကျွမ်းဘားအားကစားနည်းမှာ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှာ ယှဉ်ပြိုင်ခဲ့မှုမရှိပေမယ့် အခြားပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ပြီး ဆုတွေရရှိခဲ့ပါတယ်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်ကနေ ၁၂ ရက်နေ့အထိ အာဆီယံ ခုနစ်နိုင်ငံ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီပြိုင်ပွဲအတွက် အစွမ်းကုန်ကြိုးစားထားပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနေနဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ရှေ့ဆောင်လမ်းပြအဖြစ် ဆုတံဆိပ်တွေနဲ့ ပြန်လာခဲ့ပါ့မယ်။

**ဦးဇော်လွင်ထွန်း (အပြည်ပြည်ဆိုင်ရာ လှေ–အုပ်ချုပ်သူ(Rowing)**

ဆီးဂိမ်းပြိုင်ပွဲအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်က ကစားသမားတွေကို တစ်နှစ်ကနေ နှစ်နှစ်ကျော်အထိလေ့ကျင့်သင်ကြားပေးခဲ့ပြီး ပြိုင်ပွဲက အားကစားနည်းခုနစ်မျိုးမှာ အမျိုးသား သုံးဦးနဲ့ အမျိုးသမီးခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ အုပ်ချုပ်သူနဲ့ နည်းပြသုံးဦး ပါပါတယ်။ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်နိုင်ငံတွေက ပြိုင်ပွဲတွေမှာလည်း ကြေးတံဆိပ်တွေရရှိခဲ့ဖူးပါတယ်။ ပြိုင်ပွဲမှာ အမျိုးသားတစ်ယောက်လှော်၊ နှစ်ယောက်လှော်နဲ့ အခြားပြိုင်ပွဲတစ်ခု ယှဉ်ပြိုင်မှုနဲ့အတူ အမျိုးသမီးတစ်ယောက်လှော်၊ လေးယောက်လှော်နဲ့ ပြိုင်ပွဲခုနစ်ပွဲကို ယှဉ်ပြိုင်သွားမှာပါ။

ဗီယက်နမ်ပြိုင်ပွဲက စံချိန်ကိုနှိုင်းယှဉ်ပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ထားတာကြောင့် အမျိုးသမီးလေးယောက်လှော်ပြိုင်ပွဲမှာ ရွှေရဖို့ မျှော်မှန်းထားပါတယ်။ နိုင်ငံပေါင်း ငါးနိုင်ငံက ပြိုင်ဘက်ကောင်းတွေရှိနေတာကြောင့် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပြိုင်ပွဲက ဒီဇင်ဘာ ၁၄ ရက်ကနေ ၁၇ ရက်နေ့အထိရှိပြီး ၁၉ ရက်နေ့မှာလည်း တစ်ပွဲရှိပါတယ်။ အခုလိုကြိုပြီးသွားတာက အဲဒီနိုင်ငံရဲ့ ရေနဲ့လေကို အသားကျအောင် လေ့ကျင့်ချိန်ရတဲ့အတွက် ပြိုင်ပွဲမှာ အားသာချက်တွေ ရရှိနိုင်လို့ပါ။ မြန်မာနိုင်ငံက ပြည်သူများအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ နိုင်ငံကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ အပြည်ပြည်ဆိုင်ရာ လှေအားကစားသမားများ စိတ်ဓာတ်တက်ကြွစေတဲ့ အားပေးစကားတွေကို စောင့်မျှော်နေပါတယ်။ ဆီးဂိမ်းပြိုင်ပွဲမှာ နိုင်ငံရဲ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်စေတဲ့ ရွှေတံဆိပ်ဆုတွေနဲ့ ပြန်လာခဲ့ပါမယ်။

**အင်တာဗျူး – သစ္စာ(MNA)**
**ဓာတ်ပုံ – ဇွဲမာန်**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပိုက်ကျော်ခြင်းအသင်းအား တာဝန်ရှိသူများက နှုတ်ဆက်အားပေးစဉ်။

❏ *ကျောဖုံးမှ*

ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရကာ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

စင်ကာပူအသင်းသည် ပွဲအစပိုင်းမိနစ်များတွင်သာ ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲကစားချိန်ကြာလာသည်နှင့်အမျှ ပြိုင်ဘက် အင်ဒိုနီးရှားအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်ခဲ့ရသည်။

စင်ကာပူအသင်းသည် အရှေ့တောင်အာရှဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု (က) တွင် အိမ်ရှင် ထိုင်း၊ အင်ဒိုနီးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ စင်ကာပူအသင်းသည် လာမည့် ဒီဇင်ဘာ ၁၀ ရက်တွင် အိမ်ရှင်ထိုင်းအမျိုးသမီးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဇော်ဇော်**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြပါစို့

ဘုန်းသန့်စင်

- **နိုင်ငံတော်၏ အရင်းအမြစ်များ ဘဏ္ဍာရန်ပုံငွေများကို အဂတိလိုက်စားမှုများကြောင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးခြင်းဖြင့် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေများ ပိုမိုရရှိလာနိုင်သည်။ မျိုးဆက်သစ်လူငယ်များအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး ရည်မှန်းချက်များကိုလည်း ပြည့်ဝစေနိုင်**
- **ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ မြန်မာငွေကျပ် ၃၆ ဒသမ ၆၉ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပြန်လည်သိမ်းဆည်းပေးသွင်းနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးမှုအနေဖြင့် မြန်မာငွေကျပ် ၂၁၅ ဘီလီယံကျော်နှင့် ယူရို ၃ သန်းကျော်ရှိခဲ့သည်ဟု သိရ**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့သည် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဖြစ်ပါသည်။ အဂတိလိုက်စားမှုများကို ကမ္ဘာ့နိုင်ငံများ စုပေါင်းစွမ်းအားဖြင့်တိုက်ဖျက်နိုင်ရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ကမ္ဘာ့နိုင်ငံများက တညီတညွတ်တည်း သဘောတူပြဋ္ဌာန်းခဲ့ပါသည်။

ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းအချင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း အောင်အောင်မြင်မြင် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၂၂) ကြိမ်အထိပင် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည်လည်း ကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ယခုနှစ်တွင်လည်း အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုဆိုသည်မှာ ဘက်လိုက်ခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော ပြစ်မှုများကို ကျူးလွန်ခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များကိုပါ ထိခိုက်စေနိုင်သည့် ရာဇဝတ်မှုတစ်ခုပင်ဖြစ်သည်။ ဆင်းရဲချမ်းသာကွာဟမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများက မတူညီနိုင်ကြသော်လည်း အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကိုမူ နိုင်ငံတိုင်းက ရင်ဆိုင်ကြုံတွေ့နေရသည်။

အဂတိလိုက်စားမှုများကြောင့် **"ဒီမိုကရေစီစနစ်နှင့် တရားဥပဒေစိုးမိုးရေးကို ယိုယွင်းပျက်စီးစေခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေခြင်း၊ ဈေးကွက်များကို ပျက်စီးစေခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို လျော့ကျစေခြင်း"** စသည့် ဆိုးကျိုးများကို နိုင်ငံကြီးငယ်မရွေး ခံစားနေကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆိုးကျိုးသက်ရောက်မှုများ ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟုဆိုသော်လည်း အဂတိလိုက်စားမှုသည် နိုင်ငံကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်စေမည်သာဖြစ်သည်။

**ဆိုးကျိုးသက်ရောက်မှုများ**

ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ **"အများပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများတွင် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အလွဲသုံးစားပြုခြင်း၊ ဩဇာအာဏာကို သုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း၊ တရားမဝင် ကြွယ်ဝချမ်းသာခြင်း၊ ငွေကြေးခဝါချခြင်း၊ အဆိုပါပြစ်မှုများနှင့် ဆက်နွှယ်သည့် ငွေကြေးနှင့် ပစ္စည်းများကို ဖုံးကွယ်ခြင်း၊ တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်း"** စသည့် ပြစ်မှုများသည် အဂတိလိုက်စားမှုများပင်ဖြစ်သည်ဟု ဖော်ပြထားသည်။

အဂတိလိုက်စားမှုများကြောင့် **"နိုင်ငံတော်၏ ပုံရိပ်နှင့် စွမ်းဆောင်မှုကျဆင်းခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ငန်းကဏ္ဍများ ကျဆင်းစေခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များအား ယိုယွင်းပျက်စီးမှုဖြစ်ပေါ်လာစေခြင်း၊ စီးပွားရေးဆုံးရှုံးမှုနှင့် အရည်အသွေးကျဆင်းစေခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် မညီမျှကွာဟမှုများ ဖြစ်ပေါ်စေခြင်း၊ ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေမှုများ ဖြစ်ပေါ်စေခြင်း၊ အခြေခံအဆောက်အအုံများ ဆုံးရှုံးခြင်း၊ မမှန်ကန်သော စီးပွားရေးနှင့် နိုင်ငံရေးစနစ်များ ဖြစ်ပေါ်စေခြင်း၊ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တရားမျှတမှုမရှိခြင်း၊ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေခြင်း၊ လူ့အဖွဲ့အစည်းတွင် သဘောတရားကွဲလွဲမှု တိုးပွားလာခြင်းနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်စေခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်များ ပျက်စီးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေခြင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ ဖြစ်ပေါ်စေခြင်း၊ အများပြည်သူယုံကြည်မှုလျော့ကျခြင်းနှင့် ပူးပေါင်းပါဝင်မှုလျော့နည်းခြင်း"** စသည့် ဆိုးကျိုးသက်ရောက်မှုများစွာကို ခံစားရနိုင်သည်။

အဂတိလိုက်စားမှုများကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေပြီး အဆိုပါ ပမာဏသည် ကမ္ဘာ့ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းကျော်ခန့်ရှိသည်ဟု သိရသည်။ အဂတိလိုက်စားမှုဖြစ်စဉ်များတွင် ပမာဏများပြားသော ငွေကြေးများပါဝင်နေတတ်သဖြင့် ငွေကြေးခဝါချမှုကဲ့သို့သော အခြားသော ပြစ်မှုများနှင့် ဆက်နွှယ်ဖြစ်ပွားလေ့ရှိသည်။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စွဲဆိုသောပြစ်မှုများတွင် များပြားသောအရေအတွက်ရှိသည့်ပိုင်ဆိုင်မှုများ ပါဝင်နေတတ်ပြီး ယင်းပစ္စည်းများတွင် နိုင်ငံတော်၏ အရင်းအမြစ်များ ပါဝင်နေသဖြင့် အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေပြန်သည်။ ပုံစံမျိုးစုံဖြင့် မမြင်ကွယ်ရာတွင် ပုံးကွယ်ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်ခြင်းသည် နိုင်ငံတော်၏ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းသာဖြစ်သည်။

**လူငယ်များနှင့် လက်တွဲရန်လို**

လူ့အဖွဲ့အစည်းအတွင်း အတွင်းလိုက်စား၍ ကပ်ရောဂါအသွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို တွန်းလှန်တိုက်ဖျက်ရာတွင် နိုင်ငံအတွင်းရှိ နည်းပညာများ၊ အရင်းအမြစ်များနှင့် လုံလောက်မှုမရှိနိုင်ပေ။ ဖြစ်ပွားသည့် ပမာဏနှင့် ဖြစ်ပေါ်နေသည့် ပုံစံတို့က အချိန်နှင့်အမျှ ပြောင်းလဲနေပြီး နိုင်ငံအတွင်း လျှို့ဝှက်သိုသိပ်စွာ ဖြစ်ပွားသည့် ပြစ်မှုအသွင်မှသည် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် ဂိုဏ်းဖွဲ့ကျူးလွန်တတ်သော ပြစ်မှုများအသွင် ဖြစ်လာနေပြီဖြစ်သည်။ နိုင်ငံများ၏ စုပေါင်းစွမ်းအားဖြင့် နည်းပညာကအစပြု၍ အပြန်အလှန်ဖလှယ်ကာ ပူးပေါင်းဆောင်ရွက်မှသာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်လာနိုင်မည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုများ၏သဘောသဘာဝသည် နောက်ကွယ်တွင် ဆက်နွှယ်နေသော ငွေကြေးနှင့် ပစ္စည်းပမာဏတို့မှာ မမျှော်မှန်းနိုင်လောက်အောင် များပြားနေတတ်သဖြင့် ဖြစ်ပွားပြီးမှ စုံစမ်းစစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်သည့်အခါတွင် ဆုံးရှုံးမှုများနိုင်သည်။ မဖြစ်ခင် ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် နိုင်ငံတော်အတွက် **"ငွေကြေးနှင့်ပစ္စည်းများဆုံးရှုံးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှု စသည်တို့ကို ကာကွယ်တားဆီးနိုင်သဖြင့်"** ထိရောက်သော တားဆီးကာကွယ်ရေးနည်းစနစ်များကို နိုင်ငံများက စုပေါင်းရှာဖွေနေကြခြင်းဖြစ်သည်။ ကုလသမဂ္ဂက နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် နှစ်စဉ်ဆောင်ပုဒ်များချမှတ်ကာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများပူးပေါင်း၍ နည်းလမ်းများကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။

သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာသော နည်းပညာစိန်ခေါ်မှုများနှင့်အတူ အဂတိလိုက်စားမှုဖြစ်စဉ်များကလည်း နည်းပညာကို တလွဲအသုံးချ၍ နည်းလမ်းပေါင်းစုံ ကျူးလွန်ဖြစ်ပွားလာကြသည်။ ကမ္ဘာပေါ်တွင် လူငယ်ဦးရေ ၁ ဒသမ ၉ ဘီလီယံခန့်ရှိပြီး ထိုလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ ထို ၂၅ ရာခိုင်နှုန်းခန့်သော လူငယ်များသည် ကမ္ဘာကြီး၏ အနာဂတ်ပင်ဖြစ်သဖြင့် ထိုလူငယ်များ ဖြောင့်မတ်တည်ကြည်ကာ အဂတိလိုက်စားမှုများ ကင်းစင်နေမှသာ ကမ္ဘာကြီးကလည်း သာယာလှပလာမည်ဖြစ်သည်။

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားကို အသုံးချ၍ ၎င်းတို့နှင့် လက်တွဲကာ အနာဂတ်ကမ္ဘာကို ဖြောင့်မတ်တည်ကြည်မှု၊ အဂတိလိုက်စားခြင်းကင်းစင်မှုတို့ဖြင့် ပုံဖော်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ကို **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ – Uniting with Youth Against Corruption : Shaping Tomorrow's Integrity"** ဟု ချမှတ်ထားခြင်းဖြစ်သည်။

**ကွန်ဗင်းရှင်းအဖွဲ့ဝင်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ကာ အဂတိပယ်ခွာပြည်သာယာဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးနှင့် အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူနိုင်ရေးအတွက် **"အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ စုံစမ်းစစ်ဆေးရေး"** စသည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အသေးစားအဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၁ သို့*

# မိုင်းရယ်မြို့နယ်၌ ရွေးကောက်ပွဲထပ်မံပြုလုပ်မည့် ကျေးရွာအုပ်စုများအား ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ရွေးကောက်ပွဲထပ်မံပြုလုပ်မည့် ကျေးရွာအုပ်စုများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌပါဝင်သောအဖွဲ့တို့သည် ယမန်နေ့က စတင်ပြီး ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့သည် မိုင်းရယ်မြို့နယ် ရွေးကောက်ပွဲထပ်မံပြုလုပ်မည့် နောင်မို၊ ဟိုယ၊ ကောင်းမောင်၊ လွယ်ငင်းကျေးရွာအုပ်စုများတွင် မဲဆန္ဒရှင် စာရင်းကောက်ယူပြုစုနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မိုင်းရယ်မြို့နယ်သည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အပိုင်း(၂)၌ ဆောင်ရွက်မည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**



နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဒီဇင်ဘာ ၅ ရက်က အရေးပေါ်မီးငြိမ်းသတ်နည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ကို အမြန်လမ်း မီးသတ်တပ်ဖွဲ့ ကွပ်ကဲမှုရုံး၌ ပြုလုပ်ရာ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ဒုတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောမော်ရှည် ဦးစီး၍ တာဝန်ရှိသူများ၊ သင်တန်းသူ သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေးက မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်နည်းများ၊ မီးအတန်းအစားများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောပို့ချပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ပြသခြင်းများ ဆောင်ရွက်စဉ်။ ၂၂၁

# ပင်လုံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပင်လုံ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ရှိ အဆင့်မြင့်ပညာ ဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်အောင်ချက်



မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ပင်လုံတက္ကသိုလ် ဘက်စုံခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ပင်လုံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာနီလာမြင့်က လွိုင်လင်ခရိုင်အတွင်း ၂၀၂၆ ခုနှစ်မတ်လတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၅၅၁ ဦးအား အရည်အချင်းပြည့်ဝပြီး ထူးချွန်အောင်မြင်စေရန်၊ တက္ကသိုလ်ဝင်တန်းမေးခွန်းနှင့် အမှတ်ပေးစည်းမျဉ်းတို့ကို ပိုမိုသဘောပေါက်နားလည်စေရန် ယခုလို အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး လွိုင်လင်ခရိုင် ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ လွိုင်လင်ခရိုင် ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဘာသာရပ်အလိုက် သင်ကြားနေမှုများကို လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၀ မှ*

အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုတိုးတက်လာစေရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကိုလည်း ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၃ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ သုံးခုတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ဝန်ဆောင်မှုရယူသော ပြည်သူများအနေဖြင့် မိမိတို့ရယူသည့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သဘောထား အကြံပြုချက်များကို Short Code နံပါတ် 1111 မှတစ်ဆင့် ပြန်လည်ကာ ဖော်ပြပေးပို့နိုင်သည်။

**လူငယ်အသိပညာပေး**

ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားကိုလည်း ဖယ်ချန်ထားခြင်း မရှိပေ။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုသည်မှာ လူတို့၏ ကိုယ်ကျင့်သိက္ခာ ဖောက်ဖျက်မှုများကို ဥပဒေနှင့်အညီ တည့်မတ်ပေးခြင်းသာဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၏ အနှစ်သာရဟုပင် ဆိုနိုင်သည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည်နှင့်အညီ မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအတွက် ကျင့်ဝတ်လိုက်နာရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု - Edutainment အစီအစဉ်များ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး အစီအစဉ်အဖြစ် အခြေခံပညာကျောင်း ၃၂၁ ကျောင်းတွင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် လူငယ်တို့၏ အခန်းကဏ္ဍ စကားဝိုင်းဆွေးနွေးပွဲများကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် စာသင်ကျောင်း ၄၅ ခုတွင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မျိုးဆက်သစ်လူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှု စံတန်ဖိုးများကို သိရှိလိုက်နာတတ်သူများ ဖြစ်လာစေရေးတွင် အခြေခံပညာ ဆရာ ဆရာမများ၏ အခန်းကဏ္ဍကလည်း အရေးကြီးသဖြင့် ဆရာ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုသင်ကြားပေးနိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သည့် "ဆရာ ဆရာမများ မွမ်းမံသင်တန်းများ"၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာ ဆွေးနွေးပို့ချခြင်းကို ၂၁၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခု ဖြစ်သည့်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်ပြသရုပ်ဖော်တေးသီချင်းများ ထုတ်လွှင့်ခြင်း၊ Animation ဇာတ်လမ်းတိုနှင့် ပြဇာတ်များ ပြသခြင်းတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရသည်။

**"အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးစကားဝိုင်း"**ကိုလည်း ထုတ်လွှင့်ပြသလျက်ရှိပြီး မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသူ နိုင်ငံသားတိုင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံ့ဘဏ္ဍာ မဆုံးရှုံးစေရေး**

နိုင်ငံတော်၏ အရင်းအမြစ်များ ဘဏ္ဍာရန်ပုံငွေများကို အဂတိလိုက်စားမှုများကြောင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးခြင်းဖြင့် နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေများ ပိုမိုရရှိလာနိုင်သည်။ မျိုးဆက်သစ်လူငယ်များအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေး ရည်မှန်းချက်များကိုလည်း ပြည့်ဝစေနိုင်သည်။

သို့ဖြစ်ရာ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ မြန်မာငွေကျပ် ၃၆ ဒသမ ၆၉ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပြန်လည်သိမ်းဆည်းပေးသွင်းနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံ့ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးမှုအနေဖြင့် မြန်မာငွေကျပ် ၂၁၅ ဘီလီယံကျော်နှင့် ယူရို ၃ သန်းကျော် ရှိခဲ့သည်ဟု သိရသည်။

**ဂုဏ်ယူစွာဖြင့်**

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့ဝင်နိုင်ငံများ စသည်ဖြင့် နိုင်ငံတကာနှင့် မျက်ခြည်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့သို့လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည်ကို တွေ့ရသည်။

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အဖွဲ့၏ (၂၁)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကာ ၂၀၂၆ ခုနှစ်တွင် အဖွဲ့၏ အစည်းအဝေးများကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပရေး ကိစ္စရပ်များကိုပါ အောင်အောင်မြင်မြင် ဆွေးနွေးနိုင်ခဲ့သည်။ ယခုနှစ်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်နှင့် လိုက်လျောညီထွေရှိသည့် ASEAN Youth; Upholding Integrity, Building a Corruption-Free Future ဆိုသည့် ဆောင်ပုဒ်ဖြင့် အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ကျရောက်ခဲ့သည့် (၂၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ပြီး **"လူတွေမှာ ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာ စတဲ့ စိတ်အညစ်အကြေးတွေကြောင့် အဂတိကျူးလွန်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေ၊ ကျောင်းသားတွေ ကျောင်းသူတွေကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေဖို့၊ စိတ်ထားဖြူစင်သန့်ရှင်းစေဖို့ အတွက် လူ့ဂုဏ်သိက္ခာနဲ့ လူမှုကျင့်ဝတ်တွေကို သွန်သင်ပြသဆုံးမပေးကြဖို့ လိုအပ်ပါတယ်"**ဟု ထည့်သွင်းလမ်းညွှန်မှာကြားခဲ့သည်။

ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များနှင့် လက်တွဲလျက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယခုနှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်မည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့အတွက် ချမှတ်ထားသော **"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့် ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေကြောင်း ရည်ရွယ်ရင်းဖြင့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

- **ကော်မရှင်ရုံး၏ အချက်အလက်များ၊**
- http://www.anticorruptionday.org/
- **ကော်မရှင်ရုံး Website (https://www.accm.gov.mm/)**
- **နေ့စဉ်ထုတ်သတင်းစာများပါ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ဆောင်ပုဒ် ကြေညာချက်။**

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ–မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ နှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။




အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိစစ်ဆေးခဲ့သည့်အဆောက်အအုံ ၆၉၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးချမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ နယ်မြေများရှိ ဖမ်းဆီးထိန်းသိမ်းထားရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကို တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေး၍ သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ် တိုက်အမှတ် C 1 လူနေ အဆောက်အအုံ(၇.၁၂.၂၀၂၅)





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများအား ဖျက်ဆီးမှုမှတ်တမ်း။

# တာမွေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တာမွေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာမွေမြို့နယ် တာမွေကြီး(က/ဂ) ရပ်ကွက် ကျိုက္ကဆံလမ်းမကြီးနှင့် ၁၅၅ လမ်းထောင့်တွင် လမ်းလျှောက်လာသူ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်နေ မချစ်ချစ်ဇော်(ခ)ဇေဇေ (၃၄)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀) ကိုလည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စု တာခွယ်ကျေးရွာအနီးတွင် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စု ဟွေပုံကျေးရွာနေ ကျထော(၃၆)နှစ် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၅၆ သိန်း) ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

**တရားခံ ချစ်ချစ်ဇော်(ခ)ဇေဇေအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**



# ရွှေပြည်သာမြို့နယ်အတွင်း လမ်းတိုးချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းကျင်းနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ရွှေပြည်သာမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီး တညင်းကုန်းလမ်းဆုံ ရထားသံလမ်းအနီးတွင် လမ်းတိုးချဲ့နေမှုနှင့် လမ်းတိုးချဲ့ရာတွင် လမ်းနယ်နှင့် လွတ်ကင်းရာသို့ ဓာတ်အားလိုင်းနှင့် ဓာတ်အားတိုင်များ အသစ်တည် ဆောက်နေမှုကိုလည်းကောင်း၊ နွားခြံမှတ်တိုင်အနီးတွင် လမ်းတိုးချဲ့ရန် ပေတိုင်းတာခြင်းနှင့် ကွန်ကရစ်လမ်း ခင်းကျင်းနေမှုကိုလည်းကောင်း၊ လှော်ကားတာဆုံ ရထားသံလမ်းအနီးတွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားတိုင်လျှပ်စစ်ဓာတ်အားကြိုးများ သွယ်တန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်ရှိနေသည့် လမ်းမီးတိုင်များအား လမ်းနှင့်လွတ်ကင်းရေး အမြန်ဆုံးစနစ်တကျ အန္တရာယ်ကင်းစွာ ရွှေ့လင်း ဆောင်ရွက်ရန်၊ ဆက်သွယ်ရေးကြိုးများအား စနစ်တကျ တပ်ဆင်ဆောင်ရွက်ရန်၊ လမ်းဘေးဝဲ/ယာ



ရေမြောင်းတစ်လျှောက် အမှိုက်၊ နုန်းများ ဆယ်ယူရှင်းလင်းရန်၊ လုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းတစ်လျှောက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံရုံးက ကြီးမှူးကျင်းပသည့် Flavours Of Sri Lanka 2025 အခမ်းအနားကို ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs .Prabashini Ponnamperuma နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr.Abhay Thakur တို့က သီရိလင်္ကာနိုင်ငံ ရိုးရာယဉ်ကျေးမှု ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေးသင့်ခဲ့သည့် သီရိလင်္ကာပြည်သူများအတွက် နှစ်မိနစ်ငြိမ်သက်ဆုတောင်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs .Prabashini Ponnamperuma က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ-သီရိလင်္ကာ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြကာ သီရိလင်္ကာရိုးရာယဉ်ကျေးမှု အစားအစာများထုတ်လုပ်မှုများကို ဗီဒီယိုဖြင့် မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(မြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်ခံစားရသည့် ပြည်သူများသို့ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကိုလံဘိုမြို့တွင် လွှဲပြောင်းပေးအပ်လှူဒါန်း

**သီရိလင်္ကာ ဒီဇင်ဘာ ၇**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် ခရိုင် ၂၅ ခုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ကိုးသိန်းကျော် ရေဘေးဒဏ်ခံစားခဲ့ရပြီး လမ်းတံတားများ၊ နေအိမ်များနှင့် အခြေခံ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်ကြောင်း နိုင်ငံတကာသို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အတွက် သီရိလင်္ကာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးရှိသည့် အားလျော်စွာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများသို့ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှု လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများကို တပ်မတော် လေယာဉ်ဖြင့် သွားရောက်လှူဒါန်းပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့တောင်အာရှနှင့် အာရှအလယ်ပိုင်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ချန်မာရီ ရှိဒရီဂိ၊ လေတပ်စခန်းဌာနချုပ် စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ် Air Vice Marshal S Deshapriya GM Silva နှင့် သီရိလင်္ကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုတွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က သီရိလင်္ကာနိုင်ငံတွင် ဒီဝါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခဲ့ရမှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက သီရိလင်္ကာအစိုးရနှင့် ပြည်သူများနည်းတူ ထပ်တူကြေကွဲဝမ်းနည်းပါကြောင်း၊ နှစ်နိုင်ငံအကြား မိဘသားစုစိတ်ဓာတ်ဖြင့် အခက်အခဲကြုံချိန်တွင် အပြန်အလှန် ရိုင်းပင်းကူညီ



မှုပြုခြင်းဖြစ်ပါကြောင်း၊ ဆန်နှင့် အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သီရိလင်္ကာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် အမြန်ဆုံးပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် တပ်မတော် လေယာဉ်ဖြင့် တင်ဆောင်လာသော ဆေးဝါးနှင့် ဆေးပစ္စည်း ၂၆ မျိုး တန်ချိန် ၆ ဒသမ ၉၃၈ တန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ တန်ချိန် ၂ ဒသမ ၂၆၂ တန် စုစုပေါင်း တန်ချိန် ၉ ဒသမ ၂ တန်ကို ကိုလံဘိုလေဆိပ်တွင် သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ် လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ကြုံတွေ့ခံစားခဲ့ရသော အစိုးရနှင့် ပြည်သူများအတွက် ယခုလှူဒါန်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ခန့် တန်ဖိုးရှိပြီး ဆန်တန်ချိန် ၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တို့ကို ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အဖွဲ့ခွဲအဆင့်ဆင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း(၃)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် အပိုင်း(၁)ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့်ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများအား မြို့နယ်များ အလိုက် တစ်အိမ်တက်ဆင်း တိုက်ဆိုင်စိစစ်သွားရန် ဆောင်ရွက်နေမှု၊ မဲရုံများ ဖွင့်လှစ်ထားမှု လျာထားစာရင်း၊ ကြိုတင်မဲပေးမှု ဖောင်ပွမှုမဖြစ်စေရေး၊ မဲမသမာမှု မရှိစေရေး စိစစ်ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များသို့ ပို့ဆောင်ပေးထားမှု၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများအတွက် လုံခြုံရေး စနစ်တကျဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအခြေအနေများကို ပိုင်းဝန်းဆွေးနွေးတင်ပြကြပြီးနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ဖိလစ်ပိုင်နိုင်ငံ၌ HIV ကူးစက်ဖြစ်ပွားသူ ပျမ်းမျှ နေ့စဉ် ၆၁ ဦး စစ်ဆေးတွေ့ရှိ

**မနီလာ ဒီဇင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင် အလျင်အမြန်မြင့်တက်လာသော ခုခံအားကျဆင်းမှု၊ HIV ကူးစက်ရောဂါဖြစ်ပွားမှုများနှင့် ရင်ဆိုင်နေရပြီး ပျမ်းမျှအားဖြင့် နေ့စဉ်ဖိလစ်ပိုင်နိုင်ငံသား ၆၁ ဦး စစ်ဆေးတွေ့ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းမှာ ယမန်နှစ်ကထက် ၂၂ ရာခိုင်နှုန်း မြင့်တက်လာပြီး နိုင်ငံတော်အဆင့် ဆောင်ရွက်ချက်များ အလျင်အမြန်ပြုလုပ်ရန် တောင်းဆိုထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို) သည် အာရှ-ပစိဖိတ်ဒေသတွင် ဖိလစ်ပိုင်၊ ဖီဂျီနှင့် ပါပူအာနယူးဂီနီနိုင်ငံများကို HIV ရောဂါကူးစက်ဖြစ်ပွားမှုမြင့်တက်နေသည့် နိုင်ငံများအဖြစ် ယခင်ကတည်းက သတ်မှတ်ဖော်ပြထားသည်။

ထို့အပြင် အဆိုပါသုံးနိုင်ငံသည် ဒေသတွင်း HIV ရောဂါကူးစက်ဖြစ်ပွားမှု လျင်မြန်စွာမြင့်တက်လာမှုနှင့် ရင်ဆိုင်နေရကြောင်းလည်း ပြောသည်။ ဖီဂျီနိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အဓိကအားဖြင့် မူးယစ်ဆေး ထိုးသွင်းခြင်းမှ ရောဂါကူးစက်ဖြစ်ပွားမှု ဆယ်ဆအထိ မြင့်တက်လာကြောင်း၊ ပါပူအာနယူးဂီနီနိုင်ငံတွင် မျိုးပွားနိုင်သော အသက်အရွယ်နှင့် ကလေးငယ်များအကြား ကူးစက်ဖြစ်ပွားမှု မြင့်တက်လာသောကြောင့် ဇွန်လတွင် HIV ကို အမျိုးသားအဆင့် အကျပ်အတည်းအဖြစ် ကြေညာထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် HIV ရောဂါထပ်မံဖြစ်ပွားသူများမှာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ခြောက်ဆအထိ မြင့်တက်လာခဲ့ကြောင်း၊ ဒဗလျူအိတ်ချ်အို၏ ခန့်မှန်းချက်အရ ၂၀၁၀ ပြည့်နှစ်တွင် ရောဂါဖြစ်ပွားသူ ၄၄၀၀ ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၂၉၆၀၀ အထိ ၅၅၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသား ၂၅၂၈၀၀ ခန့်မှာ HIV ရောဂါကူးစက်ဖြစ်ပွားမှုများနှင့်အတူ ယှဉ်တွဲနေထိုင်ကြလျက်ရှိသည်ဟု ဆိုသည်။



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ အမျိုးသမီးတစ်ဦး HIV ရောဂါ ရှိ၊ မရှိ ဆေးစစ်မှုခံယူစဉ်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားသူများက စစ်ဆေးဆောင်ရွက်မှုများကို တိုးချဲ့လုပ်ဆောင်ခြင်း၊ လူငယ်လူရွယ်များအပေါ် အခြေပြုသည့် ပညာပေးလုပ်ငန်းများမြှင့်တင်ခြင်း၊ ခိုင်မာအားကောင်းသည့် ရပ်ရွာအခြေပြု ကြားဖြတ်ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းတို့ကို အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ဟာဝိုင်ယီပြည်နယ်ရှိ ခီလောယာမီးတောင်ပေါက်ကွဲမှုဖြစ်ပွား

**ဟာဝိုင်ယီ ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းရှိခီလောယာမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး ချော်ရည်များထွက်လာသည်ဟု အမေရိကန် ဘူမိဗေဒလေ့လာရေးအေဂျင်စီ ပြောသည်။

မီးတောင် ပေါက်ကွဲမှုကြောင့် ပျက်စီးဆုံးရှုံးမှု ရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က တောင်ထိပ်ရှိနေရာနှစ်ခုမှ ချော်ရည်များ ထွက်လာကြောင်း အေဂျင်စီက ပြောသည်။ ယခင်ကလည်း အခြားနေရာတစ်ခုမှ မီးတောင်ချော်ရည်များ ထွက်ခဲ့ဖူးကြောင်း၊ မီးတောင်တစ်ခုတွင် နေရာသုံးခုမှ ချော်ရည်များ ပန်းထွက်ခြင်းမှာ အလွန်ရှားပါးသည့် ဖြစ်ရပ်ဖြစ်ကြောင်း အေဂျင်စီက ပြောသည်။


ခီလောယာ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားသည်ကို နိုဝင်ဘာ ၉ ရက်က တွေ့ရစဉ်။

မီးတောင်ချော်ရည်များသည် မီတာ ၃၇၀ အမြင့်အထိ ပန်းထွက်ခဲ့သည်ဟု သိရသည်။ ဆာလဖာဒိုင်အောက်ဆိုက်နှင့် အသက်ရှူလမ်းကြောင်း ထိခိုက်စေနိုင်သော အခြားဓာတ်ငွေ့များနှင့် ထိတွေ့မှု နည်းပါးစေရန် ဒေသခံများကို အေဂျင်စီက သတိပေးထားသည်။

ခီလောယာ မီးတောင်သည် ကမ္ဘာပေါ်ရှိ သက်ရှိမီးတောင်များထဲမှ အသက်အဝင်ဆုံး မီးတောင်အဖြစ် လူသိများသည်။ မီးတောင်ပေါက်ကွဲမှုများကြောင့် ၂၀၁၇ ခုနှစ်ကတည်းက ဝင်ရောက်ခွင့်ပိတ်ထားသည့်နေရာလည်း ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ် တိရစ္ဆာန် စစ်တမ်းကောက်ယူ

**အူလန်ဘာတာ ဒီဇင်ဘာ ၇**

မွန်ဂိုလီးယားနိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ် တိရစ္ဆာန်စစ်တမ်း ကောက်ယူခြင်းကို ပြုလုပ်ခဲ့ကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းရုံး (အင်န်အက်စ်အို)က ဒီဇင်ဘာ ၇ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ဒီဇင်ဘာ ၇ ရက်မှ ၁၇ ရက်အတွင်း ကောက်ယူရရှိသည့် တိရစ္ဆာန်စာရင်း အချက်အလက်များကို မွေးမြူရေးကဏ္ဍ၏ လုပ်ဆောင်ချက်များကို သုံးသပ်ရန်နှင့် မက်ခရိုအဆင့် ခန့်မှန်းချက်များ ပြုလုပ်ရန် အသုံးပြုသွားမည်ဖြစ်ကြောင်း အင်န်အက်စ်အိုက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မွေးမြူရေးကဏ္ဍသည် မွန်ဂိုလီးယားနိုင်ငံစီးပွားရေး၏ အဓိကမဏ္ဍိုင်များထဲမှတစ်ခုဖြစ်ပြီး နိုင်ငံ၏ အိမ်ခြေအတည်တကျ မရှိသော လူဦးရေ၏ ၄၀ ရာခိုင်နှုန်းမှာ ယင်းကဏ္ဍအပေါ် မှီခိုနေရကြောင်း သိရသည်။

သို့သော်လည်း အလွန်အေးခဲပြီးရှည်လျားသည့် ဆောင်းရာသီကြောင့် မွန်ဂိုလီးယားနိုင်ငံ၏ တိရစ္ဆာန် ထိန်းကျောင်းသူများသည် နှစ်စဉ်တိရစ္ဆာန်များ ဆုံးရှုံးခဲ့ရသဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုကို လျော့နည်းစေသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် နှစ်ကုန်က မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၅၇ ဒသမ ၆ သန်းရှိကြောင်း အင်န်အက်စ်အို၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



# အမြဲတမ်းငြိမ်းချမ်းရေး သဘောတူညီချက်အတွက် တိုးတက်မှုမရှိလျှင် ဂါဇာအပစ်အခတ်ရပ်စဲရေး ပျက်ပြားနိုင်ဟု သတိပေး

**ဒိုဟာ ဒီဇင်ဘာ ၇**

ဂါဇာအပစ်အခတ်ရပ်စဲရေးသည် အရေးကြီးသော အခြေအနေသို့ ရောက်ရှိနေပြီး အမြဲတမ်းငြိမ်းချမ်းရေးသဘောတူညီချက်အတွက် တိုးတက်မှုမရှိလျှင် ပျက်ပြားသွားနိုင်သည့်အန္တရာယ်ရှိကြောင်း ကာတာဝန်ကြီးချုပ် ရှိတ်ခ်မိုဟာမက် ဘင်အဗ္ဗဒူရာမန် အယ်သာနီက ဒီဇင်ဘာ ၆ ရက်တွင် သတိပေးခဲ့သည်။

ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးရရှိရန် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့ဝင်များ အပြည့်အဝဆုတ်ခွာရန်နှင့် ပါလက်စတိုင်းများအတွက် တည်ငြိမ်ရေးနှင့် လွတ်လပ်စွာသွားလာခွင့် ပြန်လည်ရရှိရန်လိုအပ်ကြောင်း ဒိုဟာဖိုရမ်တွင် ကာတာဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ အီဂျစ်၊ ကာတာ၊ တူကီယဲနှင့် အမေရိကန်ပြည်ထောင်စုတို့ ကမကထပြုလုပ်၍ ရရှိထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ပျက်သုဉ်းလွယ်သည်ဟူသောအချက်ကို ထောက်ပြခဲ့သည်။

အပစ်အခတ်ရပ်စဲရေး အစပိုင်းတွင် တိုက်ပွဲများ ရပ်တန့်ခဲ့သော်လည်း ဟားမားစ်တို့လက်နက်ဖျက်သိမ်းရေးအပါအဝင် ဒုတိယအဆင့်တွင် အကောင်အထည်ဖော်မှု ရပ်တန့်သွားခဲ့သည်။ ကုလသမဂ္ဂ၏ နိုဝင်ဘာလက အတည်ပြုထားသည့် အစီအစဉ်တစ်ခုအရ ဂါဇာဒေသတွင် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ဟုခေါ်ဆိုသည့် အုပ်ချုပ်အရေးအဖွဲ့အုပ်ချုပ်စဉ် အစ္စရေးတို့သည် ၎င်းတို့၏နေရာမှ ဆုတ်ခွာပေးရမည်ဖြစ်သည်။

ထိုအစီအစဉ်တွင် အပြည်ပြည်ဆိုင်ရာမှ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့တစ်ခုစေလွှတ်ရန်လည်း ပါဝင်သည်။ သို့သော်လည်း အဆိုပါဘုတ်အဖွဲ့ဖွဲ့စည်းရန် မသေချာသေးကြောင်း၊ အမေရိကန်သမ္မတထရမ့်သည် အဆိုပါအုပ်ချုပ်ရေးအဖွဲ့၏ဥက္ကဋ္ဌဖြစ်လာမည်ဖြစ်ပြီး အခြားအဖွဲ့ဝင်များ၏အမည်ကို မကြေညာရသေးကြောင်း၊ ထို့အပြင် အာရပ်နှင့် မူဆလင်နိုင်ငံများသည် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့နှင့်ပတ်သက်၍ စိုးရိမ်မှုများကို ဖော်ပြခဲ့သည်။

နှစ်ရက်ကြာပြုလုပ်သည့် ဒိုဟာဖိုရမ်ကို ဒီဇင်ဘာ ၆ ရက်က ဖွင့်လှစ်ခဲ့ပြီး အစ္စရေးနှင့်ဟားမားစ်တို့က စည်းမျဉ်းစည်းကမ်းများချိုးဖောက်သည်ဟု အပြန်အလှန်စွပ်စွဲနေကြသည့်အတွက် မူဝါဒချမှတ်သူများက မရေရာသည့်အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးရန် စုဝေးခဲ့ကြခြင်းဖြစ်သည်။ **ဆင်ဟွာ**




# ဂရိနိုင်ငံတောင်ပိုင်း၌ လှေတိမ်းမှောက်မှုဖြစ်ပွားသဖြင့် ၁၈ ဦးထက်မနည်း သေဆုံး

**အေသင် ဒီဇင်ဘာ ၇**

ဂရိနိုင်ငံတောင်ပိုင်း ခရီတေးကမ်းရိုးတန်း၌ ရွှေ့ပြောင်းနေထိုင်သူများ တင်ဆောင်လာသည့် လှေတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားသဖြင့် ၁၈ ဦး ထက်မနည်း သေဆုံးကြောင်း ဂရိပြည်သူ့အသံလွှင့်ဌာန အီးအာတီက ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါရေယာဉ်မှာ ကျွန်း၏ တောင်ဘက် လီရာပီထရာမြို့၏ တောင်ဘက် ရေမိုင် ၂၆ မိုင်ခန့်တွင် တိမ်းမှောက်သွားကြောင်း၊ ဟယ်လီနစ်ကမ်းခြေစောင့်တပ်ဖွဲ့က အသက်ရှင်သူနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ပင်လယ်ပြင်၌ ကင်းလှည့်ရေယာဉ်ဖြင့် သေဆုံးသူများကို ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လှေတိမ်းမှောက်ရသည့် အကြောင်းရင်းများကို မသိရှိရသေးသော်လည်း ကမ်းခြေစောင့်တပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အားချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်





အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကိုအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြိမ်(၅၀)မြောက် လစဉ်ဗုဒ္ဓဟူးနေ့စကားဝိုင်းကို မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် အသုံးချသုတေသနများခေါင်းစဉ်ဖြင့်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

အကြိမ် (၅၁)မြောက် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ ရက်က နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ **“မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့် အသုံးချသုတေသနများ”ခေါင်းစဉ်**ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များက Zoom Application ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကို သီအိုရီနှင့် အခြေခံသုတေသန (Basic Research) တို့မှ ရရှိထားပြီးဖြစ်သော အသိပညာများကိုအသုံးချပြီး မွေးမြူတိရစ္ဆာန်များ၏ ထုတ်လုပ်မှု စွမ်းရည်တိုးတက်စေခြင်း၊ ကျန်းမာရေးမြှင့်တင်ခြင်း အစရှိသည်တို့ဆိုင်ရာ နည်းပညာသစ်များ၊ နည်းလမ်းသစ်များ ရရှိရေးဆောင်ရွက်သော သုတေသနများဖြစ်ကြောင်း၊ သုတေသနများသည် ရိုးရာမွေးမြူရေးစနစ်မှ ခေတ်မီထိရောက်သော မွေးမြူရေးစနစ်သို့ ကူးပြောင်းရန်အတွက် သော့ချက်ဖြစ်ကြောင်း၊ ယနေ့ အကြိမ်(၅၁)မြောက် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို မွေးမြူရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ပူးပေါင်း၍ **“မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆောင်ရွက်ရမည့် အသုံးချသုတေသနများ”** ခေါင်းစဉ်ဖြင့် ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးတင်ပြသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များက မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ကြုံရသော အခက်အခဲများနှင့် အကြံပြုတင်ပြချက်များ၊ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းတွင် သုတေသန လုပ်ဆောင်ချက်များ၏ အရေးပါမှု၊ လက်ရှိဆောင်ရွက်လျက်ရှိသော အသုံးချသုတေသနလုပ်ငန်းများနှင့် အနာဂတ်တွင် ပြုလုပ် ဆောင်ရွက်သွားမည့် အသုံးချသုတေသနလုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ၏ အရေးပါဝင်မှုနှင့် ဆောင်ရွက်လျက်ရှိသော သုတေသနများ၊ ရှေ့ဆက်ဆောင်ရွက်သင့်သော အသုံးချသုတေသနများ၊ မွေးမြူရေးသုတေသနဦးစီးဌာန၌ လက်ရှိဆောင်ရွက်လျက်ရှိသော အသုံးချသုတေသနလုပ်ငန်းများနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ဆက်စပ်၍ ဆောင်ရွက်သင့်သည့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ သုတေသနများကို ဆွေးနွေးကြရာ ဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးအကြံပြုကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးက ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခွန်ကောက်မှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ မင်္ဂလာတောင်ညွန့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်က တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာ သိသင့် သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင် အခွန်ထမ်း စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**

**နှစ် ၂၀ တစ်ဝိုက်**
**အချိန်ကိုက်**
**တို့စိုက်ခဲ့လျှင်**
**အကောင်းဆုံးပင်၊**
**အခုချိန်စိုက် နောက်မကျ**
**ဒုတိယအကြိမ်**
**အကောင်းဆုံးပ။**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

**အသီးသီးပြုလုပ်**

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ(ပထမပတ်)စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေတပ်နယ်အားကစားကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌




လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌လည်းကောင်း အသီးသီး ကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ **(အပေါ်ပုံ)** ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း မြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊



စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကု ဆေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက်ဒေသများနှင့် ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် ချောင်းဝကျေးရွာ၊ ကျုံကူးကျေးရွာ အနီးဝန်းကျင်ကျေးရွာများ၊ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃၁ ဦး၊ ခွဲစိတ်ရောဂါ ၆၉၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃၀၊ ကလေးရောဂါ ၃၈၃ ဦး၊ အရိုးရောဂါ ၁၀၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၀၊ မျက်စိရောဂါ ၁၂၉၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၉၄၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၆၈၃၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၈၈ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။

**ကုသပေးနိုင်ခဲ့**

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၁၆၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင် ငါးဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ သုံးဦးတို့ကိုလည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉) ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၇၀၄၈၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၇ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မိုင်းဆတ်မြို့၌ ကျေးရွာနှင့်ကျောင်းစာကြည့်တိုက်များသို့ စာအုပ်စာစောင် ပေးအပ်လှူဒါန်း

**မိုင်းဆတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် ဒီဇင်ဘာ ၄ ရက်က မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ပြည်နယ် လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ခရိုင်အတွင်း စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှု၊ စာအုပ်စာစောင်များ ထောက်ပံ့ပေးအပ်မှုနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆောင်ရွက်နိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက် ၁၁ တိုက်နှင့် ကျောင်းစာကြည့်တိုက်



ရှစ်တိုက်သို့ ငွေကျပ်သိန်း ၂၀ ကျော်တန်ဖိုးရှိ သုတရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# ထီလုံကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧက ၁၁၈ ဒသမ ၂၆ တင်း ထွက်ရှိ



**ဘားအံ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ်၌ ယခုနှစ် မိုးစပါးဧက ၄၂၇၁၅၉ ဧကကျော် စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက် ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်ပေါင်း ၁၀၈၀ ကို ရိတ်သိမ်းသွားမည်ဖြစ်ရာ ယမန်နေ့က ပြည်နယ်မြေစာရင်းဦးစီးဌာနမှ လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ ထီလုံအလယ်ကွင်းရှိ တောင်သူဦးရာမူး၏ မိုးစပါး ဆင်းသုခစိုက်ခင်း၌ စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၁၈ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တောင်သူများအနေဖြင့် မိမိလုပ်ကိုင်ခွင့်ရ လယ်ယာမြေပေါ်တွင် မြေလပ်မကျန်စေဘဲ သီးထပ်၊ သီးညှပ်များကို တစ်သီးမှ နှစ်သီး၊ နှစ်သီးမှသုံးသီး စိုက်ပျိုးကြမည်ဆိုပါက လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာပြီး ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ မြေစာရင်းဌာနမှဝန်ထမ်းများက အထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်းနှင့် တောင်သူများ အထွက်နှုန်း မေးမြန်းစုံစမ်းလာသည့်အခါ မှန်ကန်သည့် ကိန်းဂဏန်းများရရှိရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက စံကွက်ရိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိရေး စိုက်ပျိုးပြီးစီးသည့် မိုးစပါးဧကများအနက် ဆင်းသုခမိုးစပါးစိုက်ခင်းဧရိယာ ၀ ဒသမ ၀၀၁ ဧက စံကွက်သုံးကွက်ကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများက ကူဘိုတာရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးက သီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို လည်းကောင်း အသိပညာပေးဆွေးနွေးတင်ပြပြီး ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၁၁၈ ဒသမ ၂၆ တင်း ထွက်ရှိသည့်အတွက် စုစုပေါင်းတစ်ဧကစိုက်ပျိုးကုန်ကျစရိတ်၊ ဒေသတွင်း စပါးပေါက်ဈေး၊ တစ်ဧကဝင်ငွေနှင့် တောင်သူအကျိုးအမြတ်ရရှိမှုအနေဖြင့် တစ်ဧက ကျပ် ၄၆၇၀၀၀ ကျော်ရရှိကြောင်း ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား၍ စံကွက်ရိတ်သိမ်းပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၅ ရက်တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) အစည်းအဝေးဆောင် (၂) ၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွေးလှူရှင်များ ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် သွေးလှူဒါန်းနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။




ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ဆေးရုံကြီးသို့ အမှတ်တရ လက်ဆောင်ပစ္စည်းခြင်းပေးအပ်ပြီး ကော်မရှင်မှ ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းအတွက် ပြည်သူ့ဆေးရုံကြီးမှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များအနေဖြင့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီ အစည်းအဝေး(၁/၂၀၂၅)ကို ဒီဇင်ဘာ ၅ ရက်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါ်နုမြဲ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ ပညာရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်များကောင်စီအဖွဲ့ဝင်များ၊ ပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိအမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များအနေဖြင့် အခြားဝန်ကြီးဌာနများလက်အောက်ရှိ တက္ကသိုလ်များကဲ့သို့ ပညာရေးမြှင့်တင်မှုကဏ္ဍတွင် ပြောင်းလဲလာသောခေတ်စနစ်နှင့် လိုက်လျောညီထွေမည့် ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခု တက္ကသိုလ်များကောင်စီ အစည်းအဝေးတွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)၏ အမှာစာ (၅) စောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ အမှာစာ(၄)စောင် တင်ပြမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ပညာရေးအဖွဲ့နှင့် ကောင်စီအဖွဲ့ဝင်များကို ပြင်ဆင်ဖွဲ့စည်းခွင့်၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ (Honorary Master's Degrees)များနှင့် ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Honorary Doctorates) များ အပ်နှင်းချီးမြှင့်ခွင့်၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် (၂၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အပ်နှင်းချီးမြှင့်မည့်ဘွဲ့များနှင့် ဒီပလိုမာစာရင်းများကိုမှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြသည်။

ယင်းနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက ပညာရေးအဖွဲ့အားပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းခွင့်၊ ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ (Honorary Master's Degrees) များ အပ်နှင်းချီးမြှင့်ခွင့်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အသုံးချဒစ်ဂျစ်တယ် အနုပညာဒီပလိုမာသင်တန်းနှင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို မှတ်တမ်းတင်ပေးနိုင်ပါရန်၊ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အပ်နှင်းချီးမြှင့်မည့် ဘွဲ့များကို မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပညာရှင်ကြီးများက အထွေထွေညှိနှိုင်းဆွေးနွေးခြင်းများပြုလုပ်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) က နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်သို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်





မအိအိထွန်း



မရတနာမျိုး

**နေပြည်တော် ဒီဇင်ဘာ ၇**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်သို့ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၅၀၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၃ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၀၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၁၁၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ခုတ်မှန်ရိုက်လူနာ ၁၇ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်။

ကျွန်မနာမည် အိအိထွန်းပါ။ ကျွန်မ ဘိုကလေးမြို့ (၅)ရပ်ကွက်ကနေ လာပြတာဖြစ်ပါတယ်။ သားဖွားမီးယပ်လာပြတာပါ။ ဆရာဝန်တွေက ရောအစစအရာရာ အကုန်လုံးအဆင်ပြေအောင်လုပ်ပေးပါတယ်။ အခုလိုမြစ်တွင်းပေ့ါ။ ရွှေပုဇွန်ရေယာဉ်ကနေ အခုလို လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ဒေသခံတွေနဲ့ အလွန်ကို ကျေးဇူးတင်မိပါတယ်။ အခုလိုမျိုး လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ ရန်ကုန်တွေမသွားရဘဲနဲ့ ဒီမှာတင်အခမဲ့ လာရောက်ကုသပေးတဲ့အတွက် ဆရာတို့ပါရဂူအဖွဲ့ကိုလည်း အလွန်ကိုကျေးဇူးတင်မိပါတယ်။ ဆရာတို့ကို မြို့သူမြို့သားတွေကိုယ်စား ကျွန်မတို့က လှိုက်လှိုက်လှဲလှဲကို ကြိုဆိုပါတယ်။ အခွင့်အခါသင့်ရင် လာရောက်ပြီးတော့ ဒီလိုပဲဆေးကုသမှုတွေ အခမဲ့ ကုသပေးပါဦးလို့ ကျေးဇူးတင်စကားပြောချင်ပါတယ်။

ကျွန်မနာမည်ကတော့ မရတနာမျိုးဖြစ်ပါတယ်။ ကျွန်မက ဒီမှာမျက်လုံးနဲ့ ပတ်သက်ပြီးတော့ ခေါင်းလည်း နည်းနည်းကိုက်တယ်။ မျက်ရိုးတွေလည်း ကိုက်တဲ့အတွက်ကြောင့်မို့ ဒီမှာလာပြီးပြတဲ့အခါမှာ ပါဝါပြန်ပြီးတော့စစ်မယ်။ ပြီးရင် မျက်စိအတွက် ဆေးတစ်ပတ်သောက်ရမယ်။ သောက်ပြီးရင် ပါဝါပြန်စစ်တဲ့အခါမှာတော့ ပြန်ပြီးတော့ ကောင်းမွန်လာနိုင်တယ်။ ဒီအာရုံကြောအားနည်းတဲ့ ပုံစံမျိုးဖြစ်တယ်။ ပြီးရင် မျက်လုံးကတော့ကောင်းတယ်။ ပါဝါလေးပြန်စစ်လိုက်ရင် အဆင်ပြေသွားမယ်ဆိုပြီးတော့ ပြောပါတယ်။ အခုလိုမျိုးလာပြီး လှည့်လည်ပြီးတော့ အခမဲ့လာရောက် ကုသပေးတဲ့အတွက်ကြောင့်မို့ ကျေးလက်နေပြည်သူတွေအနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အသိပညာအခွင့်အလမ်းတွေ အများကြီးရရှိနိုင်ပါတယ်။ ကလေးအထူးကု ဆရာဝန်ပါတယ်။ ခွဲစိတ်အထူးကု ဆရာဝန်ပါတယ်။ အရိုးအကြောနဲ့ ပတ်သက်တာ၊ မျက်လုံး၊ အထွေထွေပြီး သွားလို့ရှိရင် အမျိုးသမီးတွေနဲ့ ပတ်သက်ပြီးတော့ သားဖွားနဲ့မီးယပ်ဆရာဝန်တွေ အများကြီးလာတဲ့အတွက်ကြောင့်မို့လည်း ဒေသခံတွေအနေနဲ့ ဒါသူတို့ရဲ့ ကျန်းမာရေးတွေကို ဆေးရုံဆေးခန်းတွေ တကူးတက သွားရောက်စရာမလိုဘဲ ဒီတစ်နေရာတည်းမှာ ကဏ္ဍပေါင်းစုံကို ကုသနိုင်တဲ့အတွက်ကြောင့်မို့ သူတို့အတွက်လည်း အထောက်အကူတွေ အများကြီးဖြစ်ပါတယ်။ အခုလိုမျိုးလာရောက်ကုသပေးတဲ့ ဒီနယ်လှည့်ဆေးကုသရေးအဖွဲ့ (ရွှေပုဇွန်)နဲ့ ဆရာကြီးတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ ဘိုကလေးမြို့လေးကိုလာပြီးတော့ ဒီလိုမျိုး ကုသပေးတဲ့အတွက်ကြောင့်မို့ ဒီကျေးလက်နေပြည်သူတွေရဲ့ ကျန်းမာရေးအခွင့်အလမ်းတွေ အများကြီးရရှိအောင် ပြုလုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

---

*❍ ကျော့ဖုံးမှ*

ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးဘူတာမှ စတင်ပြေးဆွဲသည့် ရထားခရီးစဉ်တွင် တောင်ကြီးတက္ကသိုလ်မှ ဆရာ ဆရာမ ၁၂ ဦး၊ အေးသာယာမြို့နယ် အစိုးရနည်းပညာကောလိပ် (GTC) မှ ကျောင်းသား ကျောင်းသူ ၅၀၊ အောင်ပန်းမြို့ရှိ GELC ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၆၂ ဦးနှင့် အများပြည်သူ ရထားစီးခရီးသည် ၉၀ စုစုပေါင်း ခရီးသည် ၂၁၄ ဦး လိုက်ပါစီးနင်းကြသည်။ ထို့အတူ ရုံးပိတ်ရက် စနေနေ့ဖြစ်သော ဒီဇင်ဘာ ၆ ရက် ခရီးစဉ်၌ တောင်ကြီးမြို့ရှိ Sure the Children (Shan State NGO)မှ ၃၀ ၊ ကန်ကြီးရပ်ကွက်အဖွဲ့သူအဖွဲ့သားများ ၆၀ နှင့် အများပြည်သူ ရထားစီးခရီးသည် ၁၂၄ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးကာ ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေး၍ ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာကာ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အားစက်ခေါင်းဖြင့် အထက်တန်း (၃)တွဲ၊ ရိုးရိုးတန်း(၂)တွဲနှင့် ရထားထိန်းတွဲ(၁)တွဲဖြစ်ပြီး တောင်ကြီး-ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်ကို တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီသိမ်ဘူတာသို့ ရထားဆိုက်ရောက်ရပ်နားချိန်အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများ စသည့် တောင်တန်းနှင့်သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်အေးချမ်းပျော်ရွှင်မှုကို ရရှိစေနိုင်ပြီး ခရီးသည်များအနေဖြင့် အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း မြို့နယ်များ၌ ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပမှုမြင်ကွင်းများ

ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နိုင်ငံတစ်ဝန်းရှိ အမြို့မြို့အနယ်နယ်၌ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက စတင်ကျင်းပနေကြပြီဖြစ်သည်-


ဒက္ခိဏသီရိမြို့နယ်
အောင်သူရဦး(ဒက္ခိဏ)


ပုဗ္ဗသီရိမြို့နယ်
အောင်ကို(ပုဗ္ဗသီရိ)


ဆီဆိုင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ဖီးကုန်းမြို့နယ်
တင့်ဆွေ(ပြန်/ဆက်)


မိုင်းခတ်မြို့
နန်းနွယ်နီ(ပြန်/ဆက်)


မြိတ်မြို့
ခိုင်ထူး(ပြန်/ဆက်)


ကျိုက်ထိုမြို့နယ်
ပြည့်ဖြိုး(ပြန်/ဆက်)


ကျောက်ဆည်
သက်မောင်(ကျောက်ဆည်)


သနပ်ပင်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျေးသီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ချောင်းဆုံမြို့နယ်
ကိုကျော်(ချောင်းဆုံ)


လားရှိုးမြို့
ခရိုင်(ပြန်/ဆက်)



လှိုင်းဘွဲ့မြို့နယ်
စောဒိ(ပြန်/ဆက်)


မိုင်းပျဉ်းမြို့
နန်းသန္တာဦး(ပြန်/ဆက်)


စေတုတ္တရာမြို့
ဆန်းကိုကို(ပြန်/ဆက်)


တောင်ငူမြို့
ဇော်ကိုကို(တောင်ငူ)


မအူပင်မြို့
အောင်မြင့်မြတ်(ပြန်/ဆက်)




စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun (နာမ်) များအကြောင်း အသေးစိတ်ဆက်လက် ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Collective Noun (အစုပြနာမ်–အစုအပေါင်းအသင်းအဖွဲ့ကို ဖော်ပြ)အကြောင်း ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about likes (ကိုယ်ကြိုက်တဲ့အကြောင်းတွေကို ဘယ်လိုပြောမလဲ) ဆိုတာကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**3. Compound Noun (ပေါင်းစပ်နာမ်) Exercise (1) မှ အဖြေများ**

1. Pass me that ***chopstick***.
2. Earth is also called the ***greenhouse***.
3. He slipped into a ***bathroom***.
4. Have you done your homework by ***yourself***?
5. The doctor is checking the ***heartbeats*** of the patient.

**4. Collective Noun** (အစုပြနာမ်–အစုအပေါင်းအသင်းအဖွဲ့ကို ဖော်ပြ) တစ်ဦးတစ်ယောက်ချင်းစီဖြင့် စုပေါင်းထားသော အုပ်စုတစ်စု၊ အစုအဝေးတစ်စု၊ လူတစ်စု၊ အသင်းအဖွဲ့တစ်ခုကို Collective Noun (အစုပြနာမ်) ဟုခေါ်သည်။ Collective Noun (အစုပြနာမ်) များကို အနည်းကိန်းအဖြစ်လည်း မှတ်ယူနိုင်သလို အများကိန်းအဖြစ်လည်း မှတ်ယူနိုင်သည်။ ဥပမာ –

- Class (group of students = ကျောင်းသားအုပ်စု)
- Pride (group of lions = ခြင်္သေ့အုပ်စု)
- Crew (group of sailors = သင်္ဘောသားအုပ်စု)

Collective Noun (အစုပြနာမ်) များကို အမျိုးအစားအားဖြင့် (၃) မျိုး ခွဲခြားနိုင်သည်။ ၎င်းတို့မှာ –

- Collective Noun for People (လူနှင့်ဆိုင်သော အစုပြနာမ်)
- Collective Noun for Animals (သတ္တဝါနှင့်ဆိုင်သော အစုပြနာမ်)
- Collective Noun for Things (အရာဝတ္ထုနှင့်ဆိုင်သော အစုပြနာမ်)

**Collective Noun for People (လူနှင့်ဆိုင်သော အစုပြနာမ်)**

- company of actors (သရုပ်ဆောင်များအဖွဲ့တစ်ဖွဲ့)
- a party of friends (သူငယ်ချင်းများအဖွဲ့တစ်ဖွဲ့)
- a band of musicians (ဂီတပညာရှင်များ အဖွဲ့တစ်ဖွဲ့)
- a team of players (အားကစားသမားများအဖွဲ့တစ်ဖွဲ့)
- a class of pupils (တပည့်သားများအဖွဲ့တစ်ဖွဲ့)
- a crew of sailors (သင်္ဘောသားများအဖွဲ့တစ်ဖွဲ့)
- a choir of singers (ဓမ္မသီချင်းသီဆိုသူများအဖွဲ့တစ်ဖွဲ့)
- an army of soldiers (တပ်မတော်သားများအဖွဲ့တစ်ဖွဲ့)
- a staff of teachers (ဆရာ၊ ဆရာမများအဖွဲ့တစ်ဖွဲ့)
- a gang of thieves (သူခိုးများအဖွဲ့တစ်ဖွဲ့)

**Collective Noun for Animals (သတ္တဝါနှင့်ဆိုင်သော အစုပြနာမ်)**

- swarm of bees (ပျားတစ်အုပ်)
- a flock of birds (ငှက်တစ်အုပ်)
- a herd of cattle (နွားတစ်အုပ်)
- a brood of chickens (ကြက်တစ်အုပ်)
- a herd of elephants (ဆင်တစ်အုပ်)
- a litter of kittens (ကြောင်ပေါက်စ တစ်အုပ် သို့မဟုတ် တစ်မြုံ)
- a nest of mice (ကြွက်တစ်အုပ်)
- a troop of monkeys (မျောက်တစ်အုပ်)
- a team of oxen (နွားထီးတစ်အုပ်)
- a nest of rabbits (ယုန်တစ်အုပ်)
- a flock of sheep (သိုးတစ်အုပ်)
- a pack of wolves (ဝံပုလွေတစ်အုပ်)

**Collective Noun for Things (အရာဝတ္ထုနှင့်ဆိုင်သော အစုပြနာမ်)**

- a bunch of bananas (ငှက်ပျောခိုင်တစ်ခိုင်)
- a library of books (စာအုပ်များစုဝေးရာစာကြည့်တိုက်တစ်ခု)
- a pack of cards (ဖဲထုပ်တစ်ထုပ် သို့ ကတ်ဂိမ်းများ အထုပ်တစ်ထုပ်)
- a suit of clothes (အဝတ်တစ်စုံ)
- a packet of cigarettes (စီးကရက်တစ်ဘူး)
- a bale of cotton (ဝါဂွမ်းတစ်ထုပ်)
- a bouquet of flowers (ပန်းစည်းတစ်စည်း)
- a group of islands (ကျွန်းတစ်စု)
- a fleet of motor–cars (ယာဉ်အစုအဝေးတစ်စု)
- a collection of stamps (တံဆိပ်ခေါင်းတစ်ထုပ်)
- a flight of steps (လှေကားထစ်အစုအဝေးတစ်ခု)
- a bundle of sticks (ထင်းစည်းတစ်စည်း)
- a pile of stones (ကျောက်တုံးတစ်ပုံ)
- a set of tools (ပစ္စည်းကိရိယာတစ်စုံ)
- a bunch of grapes (စပျစ်တစ်ခိုင်)
- clump of trees (သစ်ပင်တစ်အုပ်)

## VOCABULARY ENRICHMENT PROGRAMME

1. **draw the line** = စည်းသတ်သည်။ ကန့်သတ်သည်။ ရပ်တန်းကရပ်သည်။
   I'll do whatever my company asks me to, but I draw the line when someone asks me to lie for them.
   (ကျွန်တော့်ကုမ္ပဏီကလုပ်ခိုင်းရင်တော့ ကျွန်တော်ဘာပဲဖြစ်ဖြစ် လုပ်ပေးပါတယ်။ ဒါပေမယ့် တစ်ယောက်ယောက်က မုသားပြောခိုင်းရင်တော့ ကျွန်တော် ရပ်တန်းက ရပ်ပါတယ်။)
2. **up to the mark** = အဆင့်မီသည်။
   Her school work isn't quite up to the mark.
   (သူရဲ့ကျောင်းအလုပ်တွေက အဆင့်သိပ်မမီဘူး။)
3. **no laughing matter** = အလေးအနက်ထားသော၊ ပေါ့သေးသေးမဟုတ်သော
   Looking after 25 noisy children is no laughing matter.
   (ဆူညံနေတဲ့ မျောက်လောင်း ကလေး ၂၅ ယောက်ကို ကြည့်တယ်ဆိုတာ ပေါ့သေးသေးမဟုတ်ဘူး။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



**How to talk about likes (ကိုယ်ကြိုက်တဲ့အကြောင်းတွေကို ဘယ်လိုပြောမလဲ)**

- **I like …**
- **I like … + …+ very much or a lot./I do like +…**
- **I really like + …**
- **I like … best**
- **I love …**
- **I adore …**
- **I'm fond of …**
- **I'm keen on …**
- **… appeals to me**
- **I'm mad about …**

ကိုယ်ကြိုက်တဲ့အကြောင်းပြောရင်

**I like …**

- I like gardening.
- I like crime fiction.
- I like Bob. He's a good friend of me.

တစ်ခုခုကို အလွန်ကြိုက်တဲ့အကြောင်းပြောရင်

**I like … + …+ very much or a lot./ I do like + …**

- I like dancing very much.
- I like that dress a lot.
- I do like travelling by train.

ကိုယ်ကြိုက်တဲ့အကြောင်း အထူးတလည်ပြောချင်ရင်

**I really like + …**

- I really like seaside holidays.
- I really like Tom, but I'm not sure I trust him.

အားလုံးထဲမှာ အကြိုက်ဆုံးကို ပြောချင်ရင်

**I like … best**

- I have several good friends, but I like Sally best.
- There are quite a few good restaurants in the town, but I like the Tai Kitchen best.

အရမ်းကြိုက်တဲ့အကြောင်းနောက်တစ်မျိုးဘယ်လိုပြောမလဲ

**I love …**

- I love freesia. I'm going to buy a large bunch of it.
- I love gold jewellery. I much prefer it to silver.

တစ်ခုခုကို သဘောကျတယ်၊ တစ်ယောက်ယောက်ကို သဘောကျတယ်ဆိုရင်

**I'm fond of …**

- I don't mind making the meals. I'm fond of cooking, actually.
- I'm fond of you very much, Daisy!

စိတ်ကိုဆွဲဆောင်တယ်။ အာရုံကိုဆွဲဆောင်တယ်ဆိုရင်

**… appeals to me**

- I'm not sure where to go on holiday. Greece appeals to me, but it's too hot for me at this time of year.
- The idea of camping has never appealed to me.

တစ်ခုခုပေါ်မှာ ရူးသွပ်တယ်ဆိုရင်

**I'm mad about …**

- I'm mad about Chinese food, but I hardly ever get to eat it.
- He's mad about her.

**Language Focus (ဘာသာစကားရှုထောင့်)**

မေတ္တာသက်ဝင်တယ်။ ချစ်ခင်တယ်။ သံယောဇဉ်ကြီးတယ်ဆိုရင် **love** ဆိုတဲ့ အသုံးကို **Verb** လိုမျိုး သုံးနိုင်ပါတယ်။ ဥပမာ –

- I love my grandmother.
- I love Jim and I'm going to marry him, despite my parents' disapproval.

တစ်စုံတစ်ဦး တစ်စုံတစ်ခုကို အလွန်တရာမြတ်နိုးတယ်။ တန်ဖိုးထားတယ်ဆိုရင် **adore** နဲ့ သုံးနိုင်ပါတယ်။ ဥပမာ –

- I adore my aunt Jane, but she sometimes irritates me a good deal.
- I adore chocolate cake, but it's so fattening!

ကိုယ်ဘယ်လောက်အတိုင်းအတာအထိ သဘောကျတယ်ဆိုတဲ့အကြောင်း ပြောချင်ရင် **I'm fond of** ကို **quite, rather, very, extremely** ဆိုတဲ့ **Adverb** များနဲ့ တွဲပြောလို့ရပါတယ်။ ဥပမာ –

- I'm quite fond of Jane's children, but I find them quite tiring.
- I'm very fond of Tom, I shall miss him when he leaves the company.

စိတ်ဝင်တစားနဲ့ကြိုက်တဲ့အကြောင်း နောက်တစ်မျိုးပြောချင်ရင် **I'm keen on** နဲ့သုံးနိုင်ပါတယ်။ ဥပမာ–

- I'm keen on playing tennis.
- He seems very keen on my sister.
- Her parents were'nt keen on her travelling alone.

ဘယ်လောက်အတိုင်းအတာအထိ စိတ်ဝင်တစားနဲ့ကြိုက်တယ်ဆိုတဲ့အကြောင်းပြောချင်ရင် **I'm keen on** ကို **quite, rather, very, extremely** စတဲ့ **Adverb** များနဲ့ တွဲသုံးနိုင်ပါတယ်။ ဥပမာ –

- I'm quite keen on opera actually.
- I'm rather keen on Mexican food, but, fortunately, there's no Mexcan restaurant in the area.

ဘယ်လောက်အတိုင်းအတာအထိ ရူးသွပ်သလဲဆိုပြီး ဖော်ပြပြောဆိုချင်တဲ့အခါ **I'm mad about** ကို **really, absolutely** စတဲ့ **Adverb** များနဲ့ တွဲသုံးနိုင်ပါတယ်။ ဥပမာ –

- Of course I'm going to the concert. I'm absolutely mad about jazz.

**Where to eat**

**Mum:** Dad's taking us all out for a meal tonight. We'll have to decide where to go. What do you think?

**Jane:** *I adore* Chinese food. Let's go to the Chinese restaurant on the High Street. It's supposed to be very good.

**Sam:** *I really love* Indian food, especially if it's really spicy. Let's go to the Indian Palace.

**Amy:** *I absolutely love* Italian food, though.

**Dad:** *I like Italian food a lot* as well. Most of you do, too. Let's go to the Milano.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

ပရီမီယာလိဂ်ပွဲစဉ် (၁၅) မှ အမှတ်ပေးဇယားအောက်ဆုံး ရပ်တည်နေတဲ့ ဝုဖ်နဲ့ ခြေစွမ်းကောင်းပြသဖို့ ရုန်းကန်နေရတဲ့ မန်ယူအသင်း ပွဲစဉ်ကို ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဝုဖ်အသင်းရော မန်ယူအသင်းပါ နိုင်ပွဲရရေး ခြေကုန်ထုတ်လာမှာ ဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ပထမဆုံးလိဂ်နိုင်ပွဲ ရှာတွေ့ဖို့ ကြိုးပမ်းလာမယ့် ဝုဖ်ရဲ့ ရုန်းအားကြောင့် နိုင်ပွဲရရေး မန်ယူ အခက်တွေ့ဖွယ်ရှိ



**ဝုဖ် VS မန်ယူ နံနက် ၂း၃၀**

နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်ယူ ၀ - ၁ ဝုဖ်

ဝုဖ်အသင်းက တိုက်စစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ပရီမီယာလိဂ် ၁၄ ပွဲကစားပြီးချိန်အထိ နိုင်ပွဲရယူထားနိုင်ခြင်း မရှိသေးဘူး။ မန်ယူက ပုံမှန်ခြေစွမ်းပြသဖို့ ရုန်းကန်နေရပြီး နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရထားသေးတယ်။ ဝုဖ်က ဒီပွဲစဉ်မှာ ပရီမီယာလိဂ် ပထမဆုံးနိုင်ပွဲရှာတွေ့ဖို့ အားစိုက်ကစားလာမှာ သေချာတယ်။ သို့သော်လည်း တိုက်စစ်၊ ခံစစ်သာလွန်မှုရှိတဲ့ မန်ယူအသင်း ရမှတ်အပြည့် ရယူသွားဖွယ်ရှိတယ်။



| စောင့်ကြည့်ရမယ့်ကစားသမား | ဝုဖ်အသင်း နောက်ဆုံးသုံးပွဲရလဒ် | မန်ယူအသင်း နောက်ဆုံးသုံးပွဲရလဒ် | စောင့်ကြည့်ရမယ့်ကစားသမား |
|---|---|---|---|
| ဆန်တီယေဂို ဘူနို | ဝုဖ် ၀-၂ ပဲလေ့စ် | မန်ယူ ၀-၁ အဲဗာတန် | ဘရိုင်ယန် အမ်ဘမို |
| ဝုဖ် (ဗဟိုခံစစ်) | ဗီလာ ၁-၀ ဝုဖ် | ပဲလေ့စ် ၁-၂ မန်ယူ | မန်ယူ (တိုက်စစ်) |
| သွင်းဂိုး + ဂိုးဖန်တီးမှု = ၁ | ဝုဖ် ၀-၁ ဖောရက်စ် | မန်ယူ ၁-၁ ဝက်စ်ဟမ်း | သွင်းဂိုး + ဂိုးဖန်တီးမှု = ၆ |



ဘာစီလိုနာ ကစားသမား ဖာရန်တောရက်စ် ဒုတိယဂိုး သွင်းယူစဉ်။

## ဖာရန်တောရက်စ်၏ ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ ဘာစီလိုနာက ဘက်တစ်ကို ဂိုးပြတ်အနိုင်ရ

စပိန်လာလီဂါပွဲစဉ် (၁၅) အဖြစ် ဒီဇင်ဘာ ၇ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲဘက်တစ်နှင့် နာမည်ကြီး ဘာစီလိုနာအသင်း ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဖာရန်တောရက်စ်၏ သွင်းဂိုးများနှင့် အတူ ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းသည် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် ခါးသီးပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းထက် တစ်ပွဲပိုကစားပြီး လေးမှတ်အသာ ရမှတ် ၄၀ ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဖာရန်တောရက်စ်သည် ယမန်နှစ် ဇန်နဝါရီလက ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင်လည်း ဘက်တစ်အသင်းဘက်သို့ ဟက်ထရစ် သွင်းယူနိုင်ခဲ့သည်။

ဘက်တစ်အသင်းသည် ဘာစီလိုနာအသင်းကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ချေ။ ထို့အပြင် ဘက်တစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါတွင် ရှုံးပွဲ သုံးပွဲအထိ ရှိလာပြီ ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် ဘီလ်ဘာအိုက နာမည်ကြီး အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အပြင် အယ်ချီနှင့် ဂီရိုနာအသင်းပွဲစဉ်တွင်လည်း အယ်ချီအသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

## ဘိုင်ယန်မြူးနစ်က စတုဂတ်ကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ရှစ်မှတ်အသာဖြင့် ဦးဆောင်

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၃) တွင် အမှတ်ပေးဇယား ဦးဆောင်သူ ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းကို အသင်းအဓိက တိုက်စစ်ကစားသမား ဟာရီကိန်း၏ ခြေစွမ်းပြ သွင်းဂိုးများနှင့် အတူ ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။



အဆိုပါ ပွဲစဉ်ကို ဒီဇင်ဘာ ၆ ရက် ညပိုင်းက စတုဂတ်အသင်း အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့သည်။ ဟက်ထရစ်သွင်းယူနိုင်ခဲ့သော တိုက်စစ်ကစားသမား ကိန်းသည် ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၃) အပြီးတွင် သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ် ရှိလာပြီ ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက် ရဂိုး ၄၉ ဂိုး၊ ပေးဂိုး ကိုးဂိုးဖြင့် တိုက်စစ်၊ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေသည်။ ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် လိုက်ပ်ဇစ်အသင်းကို ရှစ်မှတ်အထိ ဖြတ်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ■

## အကြိတ်အနယ်ရှိလာဦးမည့် အိုဆာဆူနာနှင့် လီဗန်တေးတို့၏ အားပြိုင်မှု

ဒီဇင်ဘာ ၉ ရက် နံနက် ၂ နာရီခွဲတွင် လာလီဂါပွဲစဉ် (၁၅) မှ အိုဆာဆူနာနှင့် လီဗန်တေးအသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ တန်းဆင်းဇုန်ဖိအားရှိသည့် အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်သည့်အပြင် ခြေရည်တူနှစ်သင်း တွေ့ဆုံမှုဖြစ်သည့်အတွက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှု ပြင်းထန်လာဖွယ်ရှိသည်။ ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသည့် လီဗန်တေး အသင်းသည် နောက်ဆုံးငါးပွဲတွင် တစ်ပွဲနိုင်ပြီး လေးပွဲအထိ ရှုံးနိမ့်ထားသည်။ အိုဆာဆူနာကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ပွဲရပြီး နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ပီအက်စ်ဂျီအသင်းက ဘာစီလိုနာတွင် အငှားချထားသော အင်္ဂလန် တိုက်စစ်ကစားသမား မားကပ်စ်ရက်ဖို့ဒ် (၂၈ နှစ်) ကို ခေါ်ယူရာတွင် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအနေဖြင့် အသင်းမှ ပြင်သစ်တိုက်စစ် ကစားသမား ဘာကိုလာ (၂၃ နှစ်) ကို ကမ်းလှမ်းသွားဖွယ်ရှိသည်။
- အာဆင်နယ်က လိုင်လီအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဘူအာဒီ (၁၈ နှစ်) ကို ကမ်းလှမ်းသွားရန် ပြင်ဆင်နေသည်။
- ပြင်သစ်လီဂူးဝမ်းပွဲစဉ် (၁၅) တွင် ပီအက်စ်ဂျီက ရင်းနက်စ်ကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။
- စီးရီးအေ ပွဲစဉ် (၁၄) တွင် ဗီရိုနာက ကစားပုံမာကျောသည့် အတ္တလန္တာကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး တန်းဆင်းဇုန်မှလွတ်မြောက်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။

■ မိုးဇက်-စုစည်းရေးသားသည်

## တာနာကာ၏ နောက်ကျသွင်းဂိုးကြောင့် လီဗာပူးက လိဒ်စ်ကို သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၁၅) မှ ဒီဇင်ဘာ ၇ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် လိဒ်စ်နှင့် အသင်းကြီး လီဗာပူးအသင်းပွဲစဉ်တွင် လိဒ်စ်ကွင်းလယ်ကစားသမား တာနာကာ၏ နောက်ကျသွင်းဂိုးကြောင့် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။




လီဗာပူးအသင်းသည် သုံးဂိုး-နှစ်ဂိုးဖြင့် လိဒ်စ်အသင်းကို နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ အနိုင်ရလဒ်ကို ထိန်းထားနိုင်စွမ်း မရှိသည့်အတွက် သရေကျခဲ့ခြင်း ဖြစ်သည်။ လိဒ်စ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် တန်းဆင်းဇုန်အထက်တွင် ရမှတ် ၁၅ မှတ်ဖြင့် ရပ်တည်နိုင်ခဲ့သည်။

လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၀ ရက်တွင် လီဗာပူးက ချန်ပီယံလိဂ်ပြိုင်ပွဲ၌ နာမည်ကြီး အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်လိဒ်စ်အသင်းက ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဒီဇင်ဘာ ၁၄ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်အဖြစ် ဘရိုက်တန်နှင့် ဝက်စ်ဟမ်းအသင်းပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။ ■




# အဖေ့ဆီကအိပ်မက်များစာအုပ် ထုတ်ဝေဖြန့်ချိ




**နေပြည်တော် ဒီဇင်ဘာ ၇**

အမေရိကန်နိုင်ငံ၏ ပထမဆုံး လူမည်းသမ္မတ ဘားရက်ဟူစိန်အိုဘားမား ရေးသားသည့် အဖေ့ဆီက အိပ်မက်များစာအုပ်ကို ရွှေအိုလတ်က ဘာသာပြန်ဆိုရေးသားထားကာ ထုတ်ဝေဖြန့်ချိထားပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် အိုဘားမား၏ သမ္မတအဖြစ် တက်လှမ်းခဲ့သည့် လေ့ကားထစ်၏အစပိုင်း ဟားဗတ်ဥပဒေရေးရာကျောင်း မတက်ရောက်ရသေးမီ ဘဝအစိတ်အပိုင်းကို ဖြစ်ရပ်မှန်အခြေပြုကာ ရသဆန်ဆန် ရေးသားထားသည်။ အိုဘားမားကို စတင်မွေးဖွားချိန်မှ နိဒါန်းချီပြီး အသက် ၂၇ နှစ်အရွယ် ၁၉၈၈ ခုနှစ် ကင်ညာနိုင်ငံသို့ ပထမဆုံး ရောက်ရှိချိန်အထိ ခြယ်မှုန်းထားကာ နိဂုံးအဖြစ် ဘဝကြင်ဖော် မီရှဲလ်နှင့် လက်ထပ်ချိန် ၁၉၉၂ ခုနှစ်တွင် အဆုံးသတ်ထားသည်။ စာအုပ်ကို အပိုင်းသုံးပိုင်းဖြင့် ဖွဲ့စည်းထားကာ ပထမပိုင်းဇာတိပုညတွင် အခန်း ၆ ခန်း၊ ဒုတိယပိုင်း ချီကာဂိုတွင် အခန်း ၈ ခန်းနှင့် တတိယပိုင်း ကင်ညာတွင် အခန်း ၅ ခန်း စုစုပေါင်း အခန်း ၁၉ ခန်းပါဝင်ပြီး ၁၉၉၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ပထမအကြိမ်အဖြစ် စတင်ထုတ်ဝေခဲ့သည်။

ဤစာအုပ်နှင့်ပတ်သက်၍ နာမည်ကျော်သတင်းစာကြီးများ၏ ပင်တိုင်စာပေဝေဖန်ရေးသမားများက "မျိုးရိုးဥပမိ၊ လူတန်းစားနှင့် မျိုးနွယ်စုဆိုင်ရာ ထိရှလွယ်သော မေးခွန်းများစွာကို ဖော်ပြလျက် အိုဘားမားသည် ကျွန်ုပ်တို့ကို ငြိမ့်ငြိမ့်ညောင်းညောင်း၊ အေးအေးဆေးဆေး၊ သူရည်ရွယ်ရာဆီ အရောက်ခေါ်သွားခဲ့သည်"ဟူ၍လည်း ကောင်း၊ "အိုဘားမား၏ စူးရှသောမျက်လုံး၊ နူးညွတ်သောနှလုံးသား၊ မိမိကိုယ်ကို သိမြင်ဝေဖန်နိုင်စွမ်း၊ သူ့ဘဝကိုသူ ခံစားရုံမျှမက တတိယလူအဖြစ် သုံးသပ်နိုင်စွမ်းနှင့် လူများ၊ အတွေ့အကြုံများ၊ နေရာဒေသများကိုရသဝတ္ထုရှည်စာရေးဆရာတစ်ဦးအလား ချယ်မှုန်းနိုင်စွမ်း"ကို လည်းကောင်း၊ "ကျွန်မဖတ်ဖူးသမျှ မိမိကိုယ်ကို ပြန်လည်ရှုမြင်သော စာအုပ်များစွာထဲမှ အကောင်းဆုံးတစ်အုပ်။ အရေးအသားက လှလှပပ၊ ညွှန်းဖွဲ့ပုံက အရည်မီမီနှင့် ရေးထားပုံကလည်း ဝတ္ထုရှည်တစ်ပုဒ်ပမာ" ဟု အသီးသီး ထင်မြင်ချက်ပေးခဲ့ကြသည်။ အဖေ့ဆီက အိပ်မက်များစာအုပ်သည် စကားပြောကောင်းသူတစ်ဦး ရေးသားထားသော ကိုယ်ပိုင်ဟန်ရှိသည့် စကားပြေစစ်စစ်ဖြစ်သည့် အပြင် ဘာသာပြန်သူကလည်း အိုဘားမား၏ စကားပြေဟန်ကို တတ်စွမ်းသမျှ အမိအရဆုပ်ကိုင်နိုင်ရန် အားထုတ်ဘာသာပြန်ထားကြောင်း သိရသည်။

နိုင်ငံရေးကို စိတ်ဝင်စားသူများ၊ လူမှုအဖွဲ့အစည်း၊ ပရဟိတ၊ လူထုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်လျက် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စည်းရုံးရေးသမားများအပြင် စာဖတ်ပရိသတ်များအတွက် အကျိုးရှိစေမည့် အဖေ့ဆီက အိပ်မက်များ စာအုပ်ကို Myanmar Heritage Publications ထုတ်ဝေထားပြီး မြို့ကြီးများရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

### "Researcher Maung Han ၏ Significant Cultural Information about Pyu Ancient Cities" စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ အင်္ဂလိပ်စာမူ ပထမဆုရရှိသည့် "Researcher Maung Han ၏ Significant Cultural Information about Pyu Ancient Cities" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ ယင်းစာအုပ်တွင် ပျူမြို့ဟောင်းများအကြောင်း သိရှိလိုသူ မြန်မာတိုင်းရင်းသားပြည်သူတို့သာမက လာရောက်လေ့လာကြသည့် နိုင်ငံခြားသားများ သိသင့်သိထိုက်သော ပျူမြို့ဟောင်းများအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် စုစည်းတင်ပြထားသည်။

ပျူမြို့ဟောင်းတို့သည် အရှေ့တောင်အာရှနိုင်ငံများကပင် စံနမူနာယူရလောက်သော မြို့ပြအင်္ဂါရပ်များနှင့် ပြည့်စုံသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အစောဆုံးထွန်းကားခဲ့သော မြို့ဟောင်းကြီးများလည်း ဖြစ်ခဲ့သည်။ ဤစာအုပ်တွင် ပျူမြို့ဟောင်းများ၏ ယဉ်ကျေးမှုဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက်ခံဘဝက မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာနမှ ကျောက်စာဝန်များ၊ နိုင်ငံခြားသား ရှေးဟောင်းသုတေသနအရာရှိများက ပျူမြို့ဟောင်းများသို့ ကွင်းဆင်းလေ့လာတူးဖော်ခဲ့ကြသည်။

ဤသို့လေ့လာရာမှ တွေ့ရှိရသော ထူးခြားသည့် ပျူယဉ်ကျေးမှုဝတ္ထုပစ္စည်းများအကြောင်းနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရှေးဟောင်းသုတေသနဌာနက တူးဖော်သုတေသနပြုခဲ့သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာပျူမြို့ဟောင်းများမှ တူးဖော်တွေ့ရှိချက်များအကြောင်းကို အခြေခံရေးသားထားသော စာအုပ်ဖြစ်သည်။

### "ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံ သန်သလေလေ့" စာအုပ်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ ပထမဆုရရှိသည့် သားညိုမောင်၏ **"ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံ သန်သလေလေ့"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မူလတန်းကျောင်းလေးသာရှိပြီး အလယ်တန်း၊ အထက်တန်းကို သုံးမိုင်ခန့် ဝေးသော ရှပ်ပုံရွာသို့ ခက်ခက်ခဲခဲ သွားရောက်ပညာသင်ရသည့် သစ်လှတောရွာမှ ထက်အောင်ဆိုသူ ကျောင်းသားလေးနှင့် သူ့သူငယ်ချင်းများ၏ ဘဝဇာတ်ကြောင်းကို ရေးသားထားပါသည်။ ထက်အောင်သည် စာတော်သည်။ ရိုးသားဖြောင့်မတ်သည်။ စိတ်ကောင်းရှိသည်။ မိဘဆရာသမားကို ရိုသေ၍ ဘာသာတရားကိုင်းရှိုင်းသည်။ ထို့ကြောင့် သူ့ကို သူငယ်ချင်းများသာမက မိဘ၊ ဆရာများနှင့် ရွာဦးကျောင်းဘုန်းတော်ကြီးကအစ ချစ်ခင်အားကိုးကြသည်။ ကျောင်းစာတွင် အားနည်းသော အတန်းဖော်များကို အချိန်ပေး၍ စာပြပေးသည်။ စာမေးပွဲတွင် အကောက်ကြံသော စာပြိုင်ဘက်ကို ခွင့်လွှတ်ပေးခဲ့ပြီး ကျောင်းနေခွင့်မရသဖြင့် ဆိုးသွမ်းတေပေနေသော ငယ်သူငယ်ချင်းကို လမ်းမှန်ပေါ်ရောက်အောင် ကူညီပေးခဲ့သည့် ထက်အောင်ဆိုသည့် ကျောင်းသားလေး၏ ဇာတ်ကောင်ကို လူငယ်များ အတုယူလိုက်နာနိုင်စေရန် ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

"Researcher Maung Han ၏ Significant Cultural Information about Pyu Ancient Cities" စာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ ဖြင့် လည်းကောင်း၊ **"ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံ သန်သလေလေ့"** စာအုပ်ကို ရောင်းဈေး ကျပ် ၄၀၀၀ ဖြင့် လည်းကောင်း အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ် ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ် များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာအုပ်အသင်းက ပခုက္ကူစာပေဆု၊ ကျမ်းစာပေ၊ ဒုတိယဆုရ **" ဦးဝင်းမြင့်မောင် (လင်းအရဏ်ဦး) "** ရေးသားသည့် **"ရတနာပုံအိမ်ရှေ့စံ"** စာအုပ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/ ၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

၁၃၈၇ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။



ထိုသို့လှူဒါန်းရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ်သိန်း ၅၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၂၈၀၀၀၀၀၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဦးစိုးမြင့် (စာရေးဆရာ ရဲမင်းစိုး)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဒေါက်တာဒေါ်ပို (မလေးပို)က ငွေကျပ် ၇၀၀၀၀၀၊ ဒေါက်တာခင်သန်းဦး(မမိုးမြေ)၊ ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)၊ မြဝတီစာပေတိုက်၊ သံအမတ်ကြီး (ငြိမ်း)ဒေါက်တာ ဦးလှမောင်(ဖောင်ဒေးရှင်း)နှင့် ဒလမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသိန်းစီ၊ ဗိုလ်မှူးကြီးခင်မောင်ဝင်း (ငြိမ်း) (ခင်မောင်ဝင်း-အညာမြေ)၊ ဦးဇာလီဝင်းစော-ဒေါ်ခင်နှင်းဖြူ(ဗိုလ်ချုပ်ဈေး)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစု၊ ဦးသက်နောင်(ပုလောစိုးနံ့သာ)မိသားစုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးဝင်းကိုကိုလတ် (ဖိုးလောင်းတူး-ဥပဒေ)၊ ဒေါ်ခင်ခင်မြင့် (စာချစ်သူ လေးခင်-တော်ဝင်ပန်း)၊ ဒေါ်တင်တင်အေး(တင်လေးနွယ်-မေမြန်မာ)နှင့် ဘားအံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဖေသန်း(နေမင်းသန်း-မဲခေါင် စာပေဆုရ)က ငွေကျပ် ခြောက်သောင်း၊ ဦးညွန့်လှိုင်(မောင်မောင်ညွန့်လှိုင်)၊ ဒေါ်မြမြ(မြင်းခြံမြသိင်္ဂီ)၊ ဦးအုန်းမြင့်(မောင်အေးချမ်း-ခနုဖြူ)၊ စာရေးဆရာ ဦးဦးမြတ်ခိုင် (ဘာသာပြန်)၊ ဆရာနေစိုးသော်၊ ဆရာကိုကေအီး(နိဗ္ဗာန်)၊ ဆရာအောင်ငယ်စစ်(အင်းစိန်)၊ ရေတာရှည်မြို့နယ် စာရေးဆရာအသင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စာရေးဆရာအသင်းနှင့် မုံရွာမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးမျိုးဆင့်(ရှင်မတောင်စာပေ)နှင့် ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ သံအမတ်ကြီး(ငြိမ်း)ဒေါက်တာ ဦးလှမောင် (ဖောင်ဒေးရှင်း)က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးခွင့်ကတ် ၂၀ နှင့် ဦးဖေသန်း (နေမင်းသန်း-မဲခေါင်စာပေဆုရ)က ငွေကျပ် ၂၁ သိန်းတန်ဖိုးရှိ ကဗျာစာအုပ် ၃၀၀ အသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ်အတွင်း မှတ်ပုံတင်/အိမ်ထောင်စုစာရင်း ဆောင်ရွက်ပေးမှုနှင့် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၄ ရက်က ပေါက်ပင်သာကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်း (၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ် မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ဝေ့ပင်ကျေးရွာ တောင်သူ ဦးညိုလွင်၏ Raka-666 မျိုး၊ ဝါစိုက်ခင်းကို ကြည့်ရှုအားပေးပြီး ရေမြောင်းကူးကွန်ကရစ်တံတား၊ ဝေ့ပင်-ရှားတောကျေးရွာ ချင်းဆက်မြေသားလမ်း၊ ကျောက်ချောလမ်းအဖြစ် အရှည် ၀ ဒသမ ၆ မိုင် ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများသည် ဥသျှစ်ကုန်းကျေးရွာအုပ်စု၌ တောင်သူများ စိုက်ပျိုးထားသည့် ဆင်းရွှေကြာ-၂ မျိုး နေကြာစိုက်ခင်း၊ ဆင်းပဒေသာ-၁၁ မျိုး မြေပဲစိုက်ခင်းနှင့် ရေဆင်း-၄ မျိုး မတ်ပဲစိုက်ခင်း၊ ဆင်းသုခမျိုး စပါးစိုက်ခင်းတို့ကို ကြည့်ရှုအားပေးပြီး အနော်ရထာရပ်ကွက် မြို့ရှေ့စန္ဒာရုံကျောင်းတိုက်သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုကွင်းဆင်းဆေးကုသ

**တောင်ကြီး ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်ဦးဆောင်သော ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ၊ တောင်ကြီး(အေးသာယာ) နှင့် တောင်ကြီးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဆရာ ဆရာမ ၁၁ ဦးတို့သည် ဒီဇင်ဘာ ၅ ရက်က တောင်ကြီးမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ဂနိုင်ရွေးကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရှိ ပြည်သူ ၇၀ တို့အား တိုင်းရင်းဆေးဖြင့် ဆောင်းရာသီတွင် ဖြစ်တတ်သောရောဂါများကို ကာကွယ်ပြီး ကျန်းမာအောင်နေထိုင်နည်းများ ဟောပြောကာ အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၁၂၅ ဦး စုစုပေါင်း ၁၈၂ ဦးတို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## မိုင်းဆတ်ခရိုင်နှင့် မိုင်းတုံခရိုင် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် ဒီဇင်ဘာ ၄ ရက်က မိုင်းဆတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲအခမ်းအနား တက်ရောက်အားပေးသည်။

ထို့နောက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှု၊ အခြေခံပညာ အလယ်တန်းကျောင်း (နားကော) Clean and Green ဆောင်ရွက်ထားရှိမှုနှင့် ခရိုင်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။



အလားတူ ဒီဇင်ဘာ ၃ ရက်က မိုင်းခုတ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ ပညာရေး၊ ကျန်းမာရေးနှင့် မြို့အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးသည်။ ဆက်လက်ပြီး မိုင်းတုံမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဒေသလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရွှေဘိုတက္ကသိုလ်၌ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမျိုးမျိုးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅ ပညာသင်နှစ်တို့တွင် ကျင်းပခဲ့သည့်(နေ့အထူး၊ အဝေးသင်) သင်တန်းတို့တွင် (မဟာ) နှင့် ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်ဘွဲ့အသီးသီးအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရား၌ တွေ့ရှိသော နှစ်ပေါင်း ၁၁၀ ကျော်က အရိုးအိုးနှင့် ပတ်သက်၍ သမိုင်းအမှန်သိရှိရန် DNA စစ်ဆေးမည်



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရား၌ တွေ့ရှိခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၁၁၀ ကျော်က အရိုးအိုးတွင် မြန်မာနှစ် ၁၂၇၅ ခုနှစ် ရက်စွဲပါရှိပြီး ၎င်းနှင့်ပတ်သက်၍ သမိုင်းအမှန်ကို သိရှိရန် မျိုးရိုးဗီဇစစ်ဆေးမှု (DNA) စစ်ဆေးရန် ရုံးချုပ်သို့ တင်ပြထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သိရသည်။

တွေ့ရှိခဲ့သော ပစ္စည်းများမှာ ဖန်ကလပ်ပေါ်တွင် ငွေနှင့်ပြုလုပ်ထားသည့် ရွှေဖရုံသီးပုံသဏ္ဌာန် ငွေအိုးတွေ့ရှိရပြီး ၎င်းတို့ထဲမှ အရိုးစုအပိုင်းအစများနှင့် အံသွားတစ်ချောင်းပါရှိ၍ မြန်မာခုနှစ် ၁၂၇၅ ခုနှစ် ကဆုန်လဆန်း ၂ ရက်ဟု ကမ္ပည်းရေးထိုးထားသဖြင့် သက်တမ်းမှာ နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီဟု သိရသည်။

တူးဖော်တွေ့ရှိရာသို့ ကနောင်မင်းသား၏ တီတော်စပ်သူ၊ လင်းပင်မင်းသားကြီး၏ မြစ်တော်စပ်သူကို ခေါ်ယူပြသခဲ့ရာ DNA စစ်ဆေးနိုင်ရန်အတွက် လိုအပ်သည်များ ကူညီမည်ဖြစ်ပြီး သမိုင်းအမှန် သိရှိရေးအတွက် DNA စစ်ဆေးနိုင်ရန်အတွက် ဌာနမှ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်

**သာယာဝတီ ဒီဇင်ဘာ ၇**

သာယာဝတီမြို့နယ် အင်းရွာတောင်သူလယ်သမားသင်တန်းကျောင်း၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၅-၂၀၂၆)ဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်က ပြည်ပပို့ကုန်သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများမပါရှိရေး၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြော

**သဲကုန်း ဒီဇင်ဘာ ၇**

သဲကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၄ ရက်က အမက (ပျားစည်)၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကျောင်းသား ကျောင်းသူများအနေဖြင့် ဗဟုသုတ ဗလငါးတန်ပြည့်စုံစေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ပြီး မသန်စွမ်းအမျိုးအစားများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ဥပဒေများအကြောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအကြောင်း၊ အမြင်အာရုံမသန်စွမ်းသူများ၊ အကြားအာရုံမသန်စွမ်းသူများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။



**ကိုကျော်(သဲကုန်း)**

# ရွေးကောက်ပွဲနှိုးဆော်အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့်နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲနှိုးဆော်ရေး အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"၊ "လုမ်းစို့ကူညီမဲရုံဆီ ဒီမိုကရေစီဖော်ဆောင်မည်"၊ "ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးစို့" စာသားပါ မြေစိုက်ပိုစတာတို့ကို ဒီဇင်ဘာ ၅ ရက်က လူစည်ကားရာ နေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။


မဟာအောင်မြေမြို့နယ် — အောင်ဇော်မင်း


အလုံမြို့နယ် — ယောရော(ပြန်/ဆက်)


ပြည်ကြီးတံခွန်မြို့နယ် — ဇင်မင်းမောင်(ပြန်/ဆက်)


ဆိပ်ဖြူမြို့နယ် — သူရိန်(ဆိပ်ဖြူ)


ပင်းတယမြို့နယ် — အောင်ကိုဦး(ပြန်/ဆက်)


မိတ္ထီလာမြို့နယ် — သိန်းမြင့်ကျော်(မိတ္ထီလာ)


ပူတာအိုမြို့ — ကချင်လေး(ပူတာအို)


လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် — မြို့နယ်(ပြန်/ဆက်)


လှည်းကူးမြို့နယ် — လှည်းကူး(ပြန်/ဆက်)


မိုးနဲမြို့နယ် — မျိုးညွန့်ရွှေ(မိုးနဲ)


တောင်တွင်းကြီးမြို့ — နောင်နောင်(ဇီသနီးမြေ)


လမ်းမတော်မြို့နယ် — ကျော်ဆန်းမြင့်


ကော့ကရိတ်မြို့နယ် — ခရိုင်(ပြန်/ဆက်)


ဗိုလ်တထောင်မြို့နယ် — ခင်ဝင်း(ပြန်/ဆက်)


ကွမ်းခြံကုန်းမြို့နယ် — ဆွေနွယ်(ပြန်/ဆက်)


ဖောင်းပြင်မြို့ — မြို့နယ်(ပြန်/ဆက်)


တံတားမြို့ — လှိုင်သူဇာ(တံတား)


တောင်ကြီးမြို့နယ် — ပြည်နယ်(ပြန်/ဆက်)

# လယ်ဝေးမြို့နယ်အတွင်း ဆောင်းသီးနှံအပြည့်အဝ စိုက်ပျိုးရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးသည် ဒီဇင်ဘာ ၅ ရက်က လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ KC တွင် ကွမ်းခြံ၊ အောင်းကုန်း၊ စိုင်ခေါင်းရိုး ကျေးရွာအုပ်စုများမှ တောင်သူများနှင့် ဆောင်းသီးနှံများ အပြည့်အဝ စိုက်ပျိုးရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ဒေသခံတောင်သူများအား နေကြာနှင့် ပဲတီစိမ်းမျိုးစေ့များကို ပေးအပ်သည်။ ထို့ပြင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှူး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လယ်ဝေး မြို့နယ် ကန်ဦးကျေးရွာ KC တွင် မဒေ့ါပင်၊ တလုပ်ပင်၊ ပေတုန်းမျှောင် ကျေးရွာအုပ်စုတို့မှတောင်သူများနှင့်တွေ့ဆုံ၍ ဆောင်းသီးနှံများ အပြည့်အဝစိုက်ပျိုးရေး ဆွေးနွေးခဲ့ပြီး ပဲတီစိမ်းနှင့် နေကြာမျိုးစေ့များ ပေးအပ်ခဲ့သည်။



လယ်ဝေးမြို့နယ်အတွင်း ဆောင်းသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း ၉၁၆ ဧက၊ ပဲမျိုးစုံ ၁၀၂၂၁ ဧက၊ ဆောင်းဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)၁၁၀၈၃ ဧက၊ ဝါ ၁၀ဧက၊ ကြက်သွန် နီ ၁၇ ဧက၊ ဖူးစားပြောင်း ၄၂၁ဧက၊ ပန်းအမျိုးမျိုး ၁၄ဧက၊ ဟင်းသီးဟင်းရွက် ၇၄၇ ဧကဖြစ်ပြီး လျာထားဧက၏ ၄၀ ဒသမ ၁၇ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကာ မြို့နယ်အတွင်း ဆောင်းသီးနှံ အပြည့်အဝစိုက်ပျိုးနိုင်ရေး တောင်သူများနှင့်နေ့စဉ်တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လောင်းလုံးမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် သရုပ်ပြခြင်းနှင့် စမ်းသပ်မဲပေး

**လောင်းလုံး ဒီဇင်ဘာ ၇**

လောင်းလုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများ အီလက်ထရောနစ်မဲပေးစက် သရုပ်ပြရှင်းလင်းခြင်းနှင့် စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၅ ရက်က ထားဝယ်မြို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများသည် မဲဆန္ဒရှင်ပြည်သူများအား အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

သိန်းသိန်း(လောင်းလုံး)

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲပေးသည့်စက်ဖြင့် ဆန္ဒမဲပေးနည်း သရုပ်ပြ

**မန္တလေး ဒီဇင်ဘာ ၇**

မြို့နယ်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မဲပေးသည့်စက်ဖြင့် ဆန္ဒမဲပေးနည်းသရုပ်ပြပွဲပြုလုပ်မှုကို ဒီဇင်ဘာ ၅ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် တဝဂူမြတ်စွာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အတွင်းရေးမှူး ဦးဇော်ထက်က MEVM စက်အသုံးပြုပုံနှင့် ဆန္ဒမဲပေးပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့သရုပ်ပြမဲပေးခြင်းများ ပြုလုပ်ကြသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိတို့ မဲစာရင်းပါရှိမှု ရှိ မရှိ သိရှိနိုင်ရန်အတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ဒီဇင်ဘာ ၅ ရက်မှစ၍ တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် ကွင်းဆင်းကောက်ယူရေးအဖွဲ့များက မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်း၌ ပါဝင်သည့် အမည်စာရင်း မှန်၊ မမှန် စိစစ်၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့်ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


ရွှေကျင်မြို့နယ်
ထွန်းထွန်းဇော်(ပြန်/ဆက်)


ရွှေတောင်မြို့နယ်
ကိုကိုမင်း(ပြန်/ဆက်)


မြစ်သားမြို့နယ်
ဝါဝါမြင့်(မြစ်သား)


ကြာအင်းဆိပ်ကြီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျေးသီးမြို့နယ်
မြို့နယ်(ပြန်/ဆက်)


လှိုင်းဘွဲ့မြို့နယ်
စောဒိ(ပြန်/ဆက်)


မိုင်းဖြတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


ခိုင်ကမ်းမြို့
ခိုင်ကမ်း(ပြန်/ဆက်)



တပ်ကုန်းမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု /နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လမ်း၊ တံတားလုပ်ငန်းများကို ဒီဇင်ဘာ ၅ ရက်က နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးအေးဝင့်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်အေးအေးလွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။ တင်စိုးလွင်



သန်လျင်ခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒီဇင်ဘာ ၃ ရက်က သုံးခွမြို့ အထက(၁)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် တာဝန်ရှိသူများ ပြခန်းများ၊ ပြိုင်ပွဲများအား ကြည့်ရှုအားပေးစဉ်။

သန်းဝင်း(ပြန်/ဆက်)



မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ရွှေညောင်ပင်ကွက်စိတ်၌ ဒီဇင်ဘာ ၆ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းစိုး၊ မြို့နယ်ရဲမှူး ဦးဇေယျာသန်းနှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ ဇော်ဘီ



မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၅ ရက်က မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဟိန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန်တို့ ကြည့်ရှုစစ်ဆေးစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ဥတ္တရသီရိမြို့နယ်၌ စပါးမျိုးအား တောင်သူများပူးပေါင်းပါဝင် ရွေးချယ်ခြင်း ကွင်းသရုပ်ပြ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သက်တမ်းတို အထွက်ကောင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး စားသုံးမှုကောင်းမွန်သော ရောမင်းစပါးမျိုးအား တောင်သူများ ပူးပေါင်းပါဝင်ရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၅ ရက်က မောင်းရမ်းကျေးရွာ ကွင်းအမှတ်(၁၈၈၅)၊ တောင်သူ ဦးတင်ဖိုး၏ စိုက်ကေ တစ်ကေ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်း တက်ရောက်သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က တောင်သူများအား တစ်နှစ်သုံးသီးရာသီပြည့် သီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပလပ်မြေ မရှိအောင် စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ကြိုက်နှစ်သက်ရာ မျိုးကောင်းများကို ရွေးချယ်၍ တစ်ချိန်တည်း စိုက်ပျိုးပြီး ရိတ်သိမ်းချိန် ဟန်ချက်ညီအောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်နိုင်ရေး၊ စိုက်ပျိုးရေများကို အကျိုးရှိရှိ အသုံးပြုရေးနှင့် တာဝန်ရှိသူအနေဖြင့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ မောင်းရမ်းကျေးရွာ ကွင်းအမှတ်(၁၈၈၅) တောင်သူ ဦးကျော်ရွှေ၏ စိုက်ကေ သုံးကေ၌ ရေဆင်းပေါ်ဆန်း (၁)နှင့် ရေဆင်းပေါ်ဆန်း (၂) မျိုးတို့ကို တောင်သူများ ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# ကံမမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

**ကံမ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေး တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများကို မြေပြင်ကွင်းဆင်း စိစစ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက်စနစ်ဖြင့် စာရင်းတိုက်ဆိုင်စစ်ဆေး စိစစ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၅ ရက်က မင်းတဲ ကျေးရွာအုပ်စုနှင့် ပဇင်းနိမ့်ကျေးရွာအုပ်စုတို့မှ ကျေးရွာများသို့ ကွင်းဆင်း၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးတို့အတွက် တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက်စနစ်ဖြင့် လိုက်လံစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကျော်ဇေယျဝင်း(ကံမ)

# အရာတော်မြို့၌ အီလက်ထရောနစ် မဲပေးစက်များ တပ်ဆင်ဆောင်ရွက်

**အရာတော် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့၌ အီလက်ထရောနစ် မဲပေးစက်များ တပ်ဆင်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

အရာတော်မြို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် အီလက်ထရောနစ် မဲပေးစက် ၃၉ လုံးနှင့် အရန်မဲပေးစက် ၂၄ လုံး စုစုပေါင်း ၆၃ လုံးကို SD ကတ်



ထည့်သွင်းခြင်း၊ BU paper များ တပ်ဆင်ခြင်း၊ ဘက်ထရီအားသွင်းခြင်း၊ စက်များစစ်ဆေးခြင်းနှင့် တပ်ဆင်ခြင်းတို့ကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိနှင့်ဝန်ထမ်းများက လက်တွေ့ပြသပြီး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အီလက်ထရောနစ် စက်များ တပ်ဆင်ခြင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းချစ်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကြည်သာအောင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ရှစ်ကွင်းကျေးရွာအဝင်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၁၈၄ ဒသမ ၅၆၀ ဖြင့် ရှစ်ကွင်းကျေးရွာ အဝင်လမ်းမိုင် (၁/၇)မိုင်ရှိသည့်အနက် မိုင်(၀/၀-၁/၀) ကြား မူလမြေသားလမ်း (၀/၆) မိုင်ကို ၂လက်မ-၄လက်မ ခွဲကျောက်ဖြင့် ၆ လက်မ ဒု ၁၄ ပေ အကျယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရှစ်ကွင်းကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို စက်တင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကော့သောင်း (ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်က စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၆၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၃၂၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၆၃၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် မင်းလှမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဘီးလင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck လေးစီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ လျှပ်စစ်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၃၈၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၁၁၃၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၈၁၄၃၂၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၄၄

| | | |
|---|---|---|
| ပါဝါထရပ်ဝန်ဆောင်မှုနှင့်ပြခန်း ကုမ္ပဏီလီမိတက်(၎င်းကိုယ်စား ဒါရိုက်တာ ဦးအားစိုက်(ခ)ဦးစိုးနိုင်) | နှင့် | ၁။ ဒေါ်အိခိုင်ဆွေ<br>၂။ ဦးအောင်မြင့် |
| (တရားလို) | | (တရားပြိုင်များ) |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမမာလာအနောက်ရပ်ကွက်၊ ၂၇ x ၂၈ နှင့် ၈၉ x ၉၁ လမ်းကြား၊ အမှတ်(၂၃၁)နေ ၁။ ဒေါ်အိခိုင်ဆွေ(ဘ) ဦးမင်းဆွေ၊ ၂။ ဦးအောင်မြင့်(ဘ) ဦးတင်မြင့် (အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိသူ) တို့အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ဒီဇယ်ဖိုးစရန် ငွေကျပ်သိန်း(၁၆၀၀)၊ တရားလို ဆုံးရှုံးငွေကျပ်(၃၆၉၂) သိန်း(၅)သောင်း နှစ်ရပ်ပေါင်းကျပ်(၅၂၉၂) သိန်း (၅)သောင်း (ကျပ်သိန်းငါးထောင့်နှစ်ရာကိုးဆယ့်နှစ်သိန်းငါးသောင်း) ရလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြအထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်၊ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာဦး)
ဒုတိယခရိုင်တရားသူကြီး(၄)
မဟာအောင်မြေခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၉)၊ ဦးပိုင်အမှတ် ၃၂/၁၀၇ x ၁၀၈လမ်းကြား၊ ၅၁x၅၂ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၈၃၂၁/၁၉၉၃–၁၉၉၄) အရ တပ်သားအေးမြင့် (MDYNW–၀၀၇၄၀၆) အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ပေါက်ချန်ဖိန်း ၁၃/ကခန(နိုင်)၁၁၉၂၁၅ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၈)လမ်း၊ တိုက်အမှတ်(၉၃/၂)၊ ဒုတိယထပ်(၃)လွှာ၊ (ခြေရင်းဘက်ခြမ်း)၊ (၁၃ပေ၃လက်မ X၄၉)ပေအကျယ်ရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဟုဝန်ခံပြောဆိုသူဖြစ်သော ဒေါ်အေးသန္တာထွန်း(၁၂/စခန(နိုင်)၀၅၆၅၀၃)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်အင်ကြင်းမွှေး(၁၂/ဥကတ(နိုင်)၂၀၅၉၇၈)ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၀၅/၂၀၁၅)
တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင် မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၂၇)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၁လမ်း၊ ၁၀၉x၁၁၀လမ်းကြားရှိ ဒုတပ်ကြပ်ကျော်အေးလှ အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်ဟွမ်လွန်က တရားပြိုင် ဦးကျော်အေးလှ၊ ဦးညိုအောင်တို့အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၈၀၈/၂၀၁၉)ဖြင့် တရားစွဲဆိုခဲ့ရာတရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ဟွမ်လွန် ၁၃/သနန(နိုင်)၀၂၁၄၆၅ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၂၄)၊ ဦးပိုင်အမှတ်၁၅ခဲစင်းအရှေ့ခြမ်း/၄၇ x ၄၈လမ်းကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဦးစောစံလင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးတင်အောင်ဝင်းက တရားပြိုင် ဦးစောစံလင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁၁/၂၀၂၅)ဖြင့်တရားစွဲဆိုခဲ့ရာတရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးတင်အောင်ဝင်း ၅/ရဥန(နိုင်)၀၉၅၀၉၉က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

# စာအုပ်စာပေ လူ့မိတ်ဆွေ

## အင်္ဂလိပ်
## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/8184 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (မမ–၂၄)၊ ဦးပိုင်အမှတ် ၁၄၆/၄၄ x ၄၅ကြား၊ ၁၁၇ x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမိုးဟိန်း ၁၁/ရသတ(နိုင်)၀၆၆၃၃၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ် (၈၁၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ကြည်လှိုင် (၁၂/ရကန (နိုင်) ၀၁၉၂၅၇) (CI-၀၃၁၄၈၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း (၁၂/ဥကတ (နိုင်) ၁၇၁၁၈၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် မြန်အောင်မြို့နယ်၊ တာခွတဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာနေ (ဘ) ဦးစံသိန်း ၏သား ကိုမျိုးမင်းသက်၊ ၁၄/မအန(နိုင်) ၁၄၇၉၅၁ ကိုင်ဆောင်သူ နှင့် (ဘ) ဦးမောင်ကို ၏သမီး မအိအိဖြိုး၊ ၇/ကတခ(နိုင်)၁၁၂၆၆၀ ကိုင်ဆောင်သူတို့သည် (၃၀–၁၁–၂၀၂၅)ရက်နေ့တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးသည့်အပြင်၊ နှစ်ဦးပိုင်ပစ္စည်းများနှင့်ပတ်သက်၍ ညှိနှိုင်းသဘောတူခွဲဝေပြီးစီးကြောင်းနှင့် ထိုနေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ တို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကိုမျိုးမင်းသက် ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအိခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ၊ စဉ်–၁၅၁၈၁(၁၃.၁၂.၂၀၁၈)
မြို့မတဲကြီးကုန်း ၊ မြန်အောင်မြို့
၀၉–၈၅၄၂၈၉၉၃၅

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်၊ အပိုင်း–၁ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/အပိုင်း–၁၊ ဦးပိုင်အမှတ် ၂/ရေနီမြောင်းလမ်း မျက်နှာပြု၊ ၆၉ x ၇၀လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၂၁၄၀/၉၂–၉၃) အရ ဦးလှစိန် (AE–၂၁၄၂၄၇)အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်စိန်မေ ၁/မကန(နိုင်)၃၀၀၇၂၅ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ




## တိုက်တွန်းနှိုးဆော်လွှာ

၁၂၅၈-ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မန္တလေးမြို့၊ မလွန်ဈေးဆန်လှူအသင်းကြီး၏ သံဃိကပိုင်ဖြစ်သော ၃၂ လမ်း၊ ၈၅(အေ)လမ်းထောင့်တွင် တည်ရှိသော ပေ(၆၀x၈၀) အကျယ်အဝန်းရှိ ကွမ်းသီးတန်း(၄)ထပ်တိုက် အဆောက်အအုံမှာ (၂၈-၃-၂၀၂၅)ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြီးကြောင့် ပျက်စီးမှုကို သက်ဆိုင်ရာမှ ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း (အနီရောင်အဆင့်)သတ်မှတ်ကာ ယခုအခါ အဆောက်အအုံတစ်ခုလုံး ဖြိုချပြီး အသစ်ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် ဓမ္မမိတ်ဆွေ အလှူရှင်ကြီးများမှ ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**ဆက်သွယ်လှူဒါန်းရန်**

(၁) ၃၂ လမ်း၊ ၈၅(အေ)လမ်း၊ မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့။
ဖုန်း-၀၂-၄၀၃၉၂၄၀၊ ၀၉-၇၈၀၆၆၈၄၀၀၊ ၀၉-၇၈၀၆၆၈၅၀၀၊

(၂) အမှတ်(၃၃၄)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊
မလွန်ဈေးဆန်လှူအသင်းကြီး၊ ရန်ကုန်မြို့ ။
ဖုန်း-၀၉-၂၅၉၇၇၄၄၆၅၊ ၀၉-၇၆၀၉၁၉၆၇၈၊

(၃) KBZ Pay
09-797 182 180 – U Kyi Win
09-259 774 465 – U SEIN HTAY

(၄) **ဘဏ်အကောင့်နံပါတ်များ**

| | |
|---|---|
| ကမ္ဘောဇဘဏ် | 128 51212800274901 |
| မြန်မာ့ရှေ့ဆောင်ဘဏ် | 09 2018 209 200 387 4022 |
| မြန်မာနိုင်ငံသားများဘဏ် | 100 260 050 001 511 |
| မြန်မာ့စီးပွားရေးဘဏ်(၃) | SF-000390 |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဇ-၉)၊ ဦးပိုင်အမှတ်(၂၃-ခ)၊ သံလမ်း x ၆၀ကြား၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဟန် ထံမှ အပေးစာချုပ်အမှတ် (၅၉၃/၂၀၀၉)ဖြင့် လက်ခံခဲ့သော ဒေါ်မိုးသီဟန်၊ ဦးကောင်းမြတ်(ခ)ကောင်းဆက် တို့၏(SPရရှိသူ ဒေါ်အေးမြတ်နွယ်) ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၈၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရှောက်စန်း ၁၃/လရန(နိုင်)၁၁၉၆၉၄ ကအမှုတွဲအမှတ် (၄၁၁၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၇၃)၊ ၅၉လမ်း၊ ၁၁၂ x ၁၁၃လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်သန္တာထွေး၏ (SP ရရှိသူ ဒေါ်မေဇင်နို)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၅၁/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေခိုင်ဝင်း ၉/မဟမ(နိုင်)၀၀၈၈၈၅ က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၄၁၁၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/88145 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃/ဘီ)ရပ်ကွက်၊ ငွေကြာရံရိပ်သာ၊ ဗဟိုလမ်း၊ အမှတ်(၆၅)ရှိ GIRL GENERATION (GG)CO.,LTD မှ မန်နေဂျင်းဒါရိုက်တာ ဦးစည်သူထွန်း (၁၂/ဥကတ(နိုင်)၁၅၇၇၂၅) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

GG GG

အထက်ဖော်ပြပါ (GG)ကုန်အမှတ်တံဆိပ်ပုံစံများအား GIRL GENERATION (GG) CO.LTD တစ်ဦးတည်းမူပိုင်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ရေမွှေးအပါအဝင်အလှကုန်ပစ္စည်းများကို တံဆိပ်နှင့် ထုတ်ပိုးမျိုးစုံအသုံးပြုရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၅-၁၀-၂၀၁၈) ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၁၀၉၃၈/၂၀၁၈)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပါသည်။ မူပိုင်ခွင့်ဦးစီးဌာန ၏ WIPO FILLING System တွင်လည်း အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားပြီးဖြစ်ပါသည်။ (GG) ကုန်အမှတ်တံဆိပ်အား ပုံတူ၊ ပုံမှားတုပ၍ မှိုင်မြမ်းသုံးစွဲမှုမပြုရန်(၁-၁၁-၂၀၁၈) ရက်စွဲပါ ကြေးမုံသတင်းစာမှ ကြေညာခဲ့သော်လည်း လုပ်ငန်းဈေးကွက်နှင့် လူမှုကွန်ရက်များပေါ်တွင် (GG)အမှတ်တံဆိပ်အား ပုံတူပုံမှားဖြစ်စေရန် သွယ်ဝိုက်၍ အသုံးပြုဆောင်ရွက်နေကြောင်း တွေ့ရပါသည်။ ယနေ့မှစ၍(GG) ကုန်အမှတ်တံဆိပ်ပုံစံများကို ကျွန်ုပ်မိတ်ဆွေ GIRL GENERATION (GG) CO.,LTD မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကမှ လူမှုကွန်ရက်နှင့်လုပ်ငန်းဈေးကွက်များတွင် ပုံတူပုံမှားတုပဆောင်ရွက်ခြင်း၊ အသုံးပြုခြင်းများ လုံးဝမပြုလုပ်ရန်နှင့် တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်တုပအသုံးပြုမှုကြောင့် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်နစ်နာခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**GIRL GENERATION (GG)CO.,LTD ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ် စန်းစန်းမော် (တရားလွှတ်တော်ရှေ့နေ)(စဉ်-၇၉၆၆)**
**အမှတ်(က/၇၂၁)၊ ခေမာသီလမ်းမကြီး၊မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း - ၀၉-၂၅၄၄၉၁၂၄၈**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ (၀ ဒသမ ၁၇၆) ဧကရှိမြေကွက်အား ဒေါ်ရှော်ဟွာမှ အမည်ပြောင်း၊ သက်တမ်းတိုးဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ (၀ ဒသမ ၃၆၁) ဧကရှိ မြေကွက်အား ဒေါ်ချိုချိုပါ(၂)ဦး မှ အမည်ပြောင်း ၊ သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၇၄)ဟုခေါ်တွင်သော (၃)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၃ပေx၇၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဝေါ်လေဟွန်း(ခ)အေးယုမွန် ၁၂/လသန(ပြု) ၀၀၀၈၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာ ၁၂/တမန(နိုင်)၀၀၃၃၀၇ က အပြီးအပိုင်ဝယ်ယူရန်လက်ခံသဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## အထက(၁)အိမ်မဲ၏ (၃၆)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလျက်ရှိသော မြတ်ဆရာပူဇော်ပွဲ၏ (၃၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ်တွင်လည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ (တနင်္ဂနွေနေ့) နံနက် (၉)နာရီတွင် အထက(၁) ရွှေညီလာခန်းမသစ်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများထံ ပင့်ဖိတ်လွှာများဖြင့် ပင့်ဖိတ်သွားမည်ဖြစ်ပြီး၊ အသက်ပြည့်ပြီးသော အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများထံ ပင့်ဖိတ်လွှာ (သို့မဟုတ်) တယ်လီဖုန်းဖြင့် အကြောင်းကြားချက် မရောက်ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ဆက်သွယ်ပေးကြပါရန်လေးစားစွာ အသိပေးအပ်ပါသည်။ (အသက် ၆၀နှစ်၊ ၆၂နှစ်ပြည့်မြောက်ပြီး အငြိမ်းစားယူပြီးသော ဆရာကြီး၊ဆရာမကြီးများ ကျန်ရှိနေပါကလည်း ဆက်သွယ်ပေးကြပါရန်)

**ဦးထွန်းထွန်း(မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့)ဖုန်း-(၀၉ -၇၇၈၈၈၁၇၇၉)**
**ဦးရဲမြင့်(မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့)ဖုန်း-(၀၉ -၆၆၉၀၃၀၃၆၈)**

အထက(၁)အိမ်မဲ၊ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၁ နှင့်-၅)

## ပြင်ဦးလွင်မြို့နယ် တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၀

| | | |
|---|---|---|
| ဦးသန်းစိုး (တရားလို) | နှင့် | ဒေါ်တိုးဝေလျှန်(ခ)စနေရှန် (တရားပြိုင်) |

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မိတ္တာဗလရပ်ကွက်၊ မိုးကောင်းဘုရားတိုက်တန်းနေ ဒေါ်တိုးဝေလျှန်(ခ)စနေရှန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသန်းစိုး က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆုတ် ၈ ရက်) မွန်းမတည့်မီနာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းမြတ်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၃၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း ပေ(၁၅x၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၇၈၀၇၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နန်းမေဦး ၁၂/ဒဂန(နိုင်)၀၂၉၀၆၃ က အပြီးအပိုင်ဝယ်ယူရန် လက်ခံသဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## (၅-၁၂-၂၀၂၅)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)ပါ အမွေပစ္စည်းအား လွှဲပြောင်းရောင်းချခြင်းမပြုရန် ကန့်ကွက်တားမြစ်ခြင်းခေါင်းစဉ်ဖြင့် ကြေညာချက်အပေါ် ရှင်းလင်းပြန်ကြား၍ အများသိစေခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၉)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၂၇/က) အကျယ်အဝန်းပေ(၁၀x၄၀)နှစ်ထပ်ပျဉ်ထောင်နေအိမ်သည် ဦးလှထွန်းနှင့်ဒေါ်မြသွင်(ကွယ်လွန်)တို့ ပိုင်ဆိုင်ခဲ့ပြီး၎င်းတို့ ကွယ်လွန်ချိန်တွင် ၎င်းတို့မှ မွေးဖွားသော သားသမီး(၇)ဦးဖြစ်သည့် ၁။ ဒေါ်စန်းစန်းဦး၊ ၂။ဦးကျော်တင့်၊ ၃။ဦးတင်အောင်ဇော်၊ ၄။ဦးချိုတူး၊ ၅။ဒေါ်လဲ့လဲ့ဝင်း ၆။ ဦးအောင်သက်တင်၊ ၇။ ဒေါ်ကြည်ကြည်ဝင်းတို့ မောင်နှမ(၇)ဦးအမွေဆက်ခံပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။ဒေါ်သန်းသန်းထွေးသည် ဦးချိုတူး၏ ဒုတိယအိမ်ထောင်ဖြစ်ပါသည်။ ဦးချိုတူးသည်ဒေါ်သန်းသန်းထွေး စကားများရာမှ နေအိမ်မှ လွန်ခဲ့သော(၃)လခန့်က ဆင်းလာခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်သန်းသန်းထွေးနှင့် ဦးချိုတူးတို့မှာ တရားဝင်ကွာရှင်းပြတ်စဲရသေးခြင်းမရှိ၍ အထက်ပါမောင်နှမ(၇)ဦးအမွေပစ္စည်းပေါ်တွင် ဝင်ရောက်စွက်ဖက်ခွင့်၊ ဟန့်တားခွင့်မရှိသလို အမွေဆိုင် တစ်ဦးလည်းမဟုတ်ပါ။ ထို့ကြောင့် ဒေါ်သန်းသန်းထွေး၏ ကြေညာချက်တွင် အထက်ဖော်ပြပါပစ္စည်းသည် ဦးချိုတူးနှင့် ဒေါ်သန်းသန်းထွေးတို့နှစ်ဦးသာ အမွေရပိုင်ဆိုင်ပစ္စည်းဖြစ်သကဲ့သို့ အဖြစ်မှန်ကိုကွယ်ဝှက်ပြီး အများသူငှာ ထင်ယောင်ထင်မှားဖြစ်အောင် ကြေညာနေခြင်းသာဖြစ်ပါသည်။ ဦးချိုတူးနှင့် မောင်နှမများ အမွေပစ္စည်းဖြစ်သောကြောင့် ဒေါ်သန်းသန်းထွေး အနေဖြင့် ပြောရေးဆိုခွင့်ကန့်ကွက်ခွင့်မရှိပါကြောင်း အများသိစေရန် တုံ့ပြန်ရှင်းလင်း၍အများသိစေအပ်ပါသည်။

**အမွေဆိုင်မောင်နှမ(၇)ဦး၏လွှဲအပ်ချက်အရ-**
**ဒေါ်သီတာဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၂)**
**အမှတ်(၁၄၈၅)ပဟေမဝန်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၃၀၉၅၈၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/92163 Dayang 125 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/91652 Dayang 125 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က (ကမ-၃) ပျောက် မိတ္တူ လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၆၄၄၀၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ကြည် ၁၀/မဒန(နိုင်)၁၁၁၇၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/11692 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းမြင့် ၁၀/မဒန(နိုင်)၀၉၄၄၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၅၁၁၅၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိုက်နွန်ချမ်း ၁၀/ကမရ(နိုင်)၂၀၃၅၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/88145 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ခိုင် ၉/မရတ(နိုင်) ၀၉၇၂၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/98668 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးအောင် ၁၄/ဟသတ(နိုင်)၃၆၅၉၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/63214 Honda Wave RSX 110 ယာဉ်လက်ဝယ်ရှိသူ Acleda Mfi Myanmar Co.,Ltd က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/7680 Piaggio (200CC), 3Wheel (3x1) (Passenger)ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၈/တတက(နိုင်) ၁၄၇၀၉၇ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကျိုင်းလပ်ကုန်သွယ်ရေးစခန်း၏ တည်ဆောက်ရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း(ဖြည့်စွက်)ခွင့်ပြုရန်ပုံငွေ မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ကျိုင်းလပ်ကုန်သွယ်ရေးစခန်း၊ အုတ်ခြံစည်းရိုး (၃၀၉၀'x၈') ကာရံခြင်းနှင့် အဝင်ဂိတ်တံခါး (၂) ပေါက် (၂၅')တည်ဆောက်ခြင်းလုပ်ငန်း၊
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ၈-၁၂-၂၀၂၅ ရက်မှ ၂၁-၁၂-၂၀၂၅ ရက်ထိ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)
(ဃ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ** - ၂၁-၁၂-၂၀၂၅ ရက် ၁၆:၃၀ နာရီထိ တာချီလိတ်ကုန်သွယ်ရေး စခန်း (မယ်ယန်း)
(င) **တင်ဒါဖွင့်လှစ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
(စ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့

၂။ သတ်မှတ်ရက်အချိန်ထက် နောက်ကျတင်သွင်းသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ ဒုတိယညွှန်ကြားရေးမှူးထံသို့ နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)**
**ဖုန်း-၀၉-၄၃၀၇၈၉၂၀**
**ကျိုင်းလပ်ကုန်သွယ်ရေးစခန်း**
**ဖုန်း-၀၉-၄၂၁၉၆၈၂၇၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖြူစင်သွယ် (ဘ)ဦးအောင်ကြည်(ခ) ခင်မောင်ဖြူ ၉/မကန(နိုင်)၁၃၆၀၄၆ ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ် (၅၀၂/က)၊ ဦးပိုင်အမှတ် (၁၈/၆၀)၊ အကျယ်အဝန်း (၉x၇၅)ခန့်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် လက်ရှိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းကိုကို (ဘ)ဦးကျော်မြင့် ၉/မရတ(နိုင်)၁၂၂၉၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းရဝေလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၃၇)**
**၃၇(ဒီ)လမ်း၊ လမ်း၆၀၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၆၅၆၇၁၁၈၊ ၀၉-၇၅၀၁၈၈၀၀၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/78652 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိအောင် ၉/ခမစ(နိုင်) ၀၃၆၆၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/55650 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမော် ၈/ရစက(နိုင်) ၁၃၉၁၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/8099 TOYOTA PROBOX NCP50 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ အရှင်ပညာသုခ ၁၀/မလမ(သ)၀၀၆၂၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/45363 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပဝင်း ၉/ပကခ(နိုင်) ၀၁၂၃၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (GRF) တွင် အခြေခံပညာကျောင်းဆောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်း လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) **(၁၂၀ x ၃၀)ပေ RCC (၁)ထပ်**
(ခ) **(၉၀ x ၃၀)ပေ RCC (၁)ထပ်**
(ဂ) **(၆၀ x ၃၀)ပေ RCC (၁)ထပ်**
(ဃ) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၈-၁၂-၂၀၂၅ ရက်၊ (တနင်္လာနေ့)
(င) **လျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၂-၁၂-၂၀၂၅ ရက်၊ (တနင်္လာနေ့)
(စ) **လျှောက်လွှာပုံစံရောင်းချမည့်နေရာ** - တိုင်းပညာရေးမှူးရုံးခန်း

၂။ တင်ဒါဖွင့်မည့်ရက်အား ထပ်မံကြေညာသွားမည်။ သိရှိလိုပါက မကွေးတိုင်းပညာရေးမှူးရုံးသို့ ရုံးချိန်အတွင်း လာရောက်မေးမြန်းနိုင်ပါသည်။

**စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## ချင်းပြည်နယ်ပညာရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် ချင်းပြည်နယ်၊ ဟားခါးမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင်(၁၀၀x၃၀)ပေ၊ RCC(၂)ထပ် အပြီးသတ်လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့် ရက်၊အချိန်** - ၅-၁၂-၂၀၂၅ ရက်(သောကြာနေ့) (၁၀:၀၀)နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၈-၁၂-၂၀၂၅ရက်(ကြာသပတေးနေ့) (၁၆:၀၀)နာရီ
**တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ချင်းပြည်နယ်ပညာရေးမှူးရုံး၊ ဟားခါးမြို့

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၄၂၂၁၂၇၃၂၀၊ ၀၉-၄၀၀၉၀၁၀၉၇ တို့သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ် (၆၀၁)၊ ဦးပိုင်အမှတ် ၁၂၉/၄၀၁+၁၃၀/၄၀၂ ခဲစင်း၊ စစ်-မန်းကားလမ်း၊ ပိန်းတန်းလမ်းနှင့်မောင်းတန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ညွန့် (AMA-၁၁၆၇၁၆)/ ဦးလှမြင့်(AMA-၁၁၉၃၀၉)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ ဦးပိုင်အမှတ် ၅၅/ ၁၁x၁၂လမ်းကြား၊ ၈၀x၈၁လမ်းကြားရှိ ဦးတင်မောင်၊ ဦးကြင်မောင်(ခ)ကျင်မောင်၊ ဒေါ်အုံးမြင့်အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးတင်မောင်၊ မိခင်ဒေါ်အုံး၊ သားဦးအောင်ကျော်ထူးတို့ ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဦးကြင်မောင်(ခ)ကျင်မောင် ၉/မနမ(နိုင်)၀၂၉၃၁၃၊ ဒေါ်အုံးမြင့် ၉/မနမ(နိုင်)၀၂၉၃၁၄၊ ဒေါ်အေးမမ ၉/မနမ(နိုင်)၀၂၉၇၃၆၊ ဒေါ်ဖြူဖြူဝင်း ၉/မနမ(နိုင်)၀၀၇၅၂၉ တို့က ဂရန်မူရင်းနှင့်ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/6853 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/76167 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီအောင် ၉/မရတ(နိုင်)၀၀၃၄၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဃ/၄၁၉၈၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ဟန် ၁၀/မဒန(နိုင်)၁၈၆၅၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀၅

ဒေါ်အေးမိစံ နှင့် ဒေါ်ယုယုမြိုင်(ခ)ဒေါ်ခင်အုန်းညွန့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးဇော်ဇော် )

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၀)၊ ဦးပိုင်(၄၇)နေ ဒေါ်ယုယုမြိုင်(ခ)ဒေါ်ခင်အုန်းညွန့် (ဘ) ဦးထွန်းမြိုင် (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးဇော်ဇော်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်ယုယုမြိုင်(ခ)ဒေါ်ခင်အုန်းညွန့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးဇော်ဇော်) သင့်အပေါ်၌ တရားလို ဒေါ်အေးမိစံက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၃) ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ (၀ ဒသမ၀၅၅၁) ဧကရှိ ဒေါ်ယုယုမြိုင် (ခ)ဒေါ်ခင်အုန်းညွန့် အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်။ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(အင်ကြင်းဖူး)**

**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င/၁၂၊ လူနေရပ်ကွက်အမှတ်-၄၊ ချယ်ရီပတ်လမ်း၊ မြေကွက်အမှတ်-၄၅၆၊ အကျယ်ပေ(၆၀x၆၀)၊ ဧရိယာ (၀ဒသမ၀၈၂)ဧက၊ (၃၆၀၀)စတုရန်းပေရှိ ဦးကျင်လင်း အမည်ပေါက်နှစ်(၆၀)ဂရန် ထွက်ရှိထားသော ဂရန်မြေအမျိုးအစားမြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးရဲမင်းထွန်း ၁၂/အစန(နိုင်)၁၈၃၁၄၄ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၈၄)**
**အမှတ်-၃၈၊ ဓမ္မပါလလမ်း၊ ၅-ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၈၈၁၄၂၄၁၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ် (၁၀၆-ဃ/၉)၊ ၆၃လမ်း၊ ၂၂x၂၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးစောလွင်၊ ဒေါ်ပိုက်ပိုက်တို့(၂)ဦးအနက် ခင်ပွန်းဖြစ်သူဦးစောလွင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၄၅၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ပိုက်ပိုက် ၉/မရမ(နိုင်) ၀၀၉၀၃၉ က အမှုတွဲအမှတ် (၄၀၉၄/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၅)၊ ဦးပိုင်အမှတ် (၃၃)၊ ၅၅x၅၆ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ မြေကွက်အား ချထားပေးခြင်းခံရသော ခင်ပွန်းဖြစ်သူ ဦးမြင့်ရွှေ ကွယ်လွန်၍ အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ ဒေါ်ခင်ပြုံးရီ ၁၂/သဃက(နိုင်)၀၃၀၀၆၆ က မြေချထားရေးစလစ်(မူရင်း)မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမှုတွဲအမှတ် (၄၁၀၈/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၂)၊ ဦးပိုင်အမှတ် (၆၇)၊ ၆၂(B)လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရွက်ခိုင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၆၀/၂၀၀၈)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နားလယ်၏ (SP ရရှိသူ ဦးဇော်မင်းထွဋ်)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၀၇၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးဇော်ဇော်အောင် ၉/မကန(နိုင်)၀၉၇၃၇၃၊ ဒေါ်နွေအဏ္ဏဝါမင်း ၉/မကန(နိုင်)၁၀၀၀၉၈ တို့က အမှုတွဲအမှတ် (၄၁၁၃/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/6628 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/3614 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၅၅၄၉၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/30210 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအမ်ဒီဘင်ဂျာမင် ၁၁/မပန(နိုင်) ၀၇၁၁၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/55492 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းလွင် ၉/ခအဇ(နိုင်) ၀၁၅၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/14944 Yamaha DT 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်စိန် ၅/စကန(နိုင်) ၀၁၄၀၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

❖ **ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များအသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့်မိမိတို့၏ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်းအသိတရားဖြင့် အသုံးပြုကြရန်လို...**

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်မှ အရာရှိ၊စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု B ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၇

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု B ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၃ နာရီအချိန်တွင် မြန်မာ အမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှား အမျိုးသမီးဘောလုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## အနိမ့်ဆုံး အပူချိန်များ

၇-၁၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘောမြို့ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |



တောင်ကြီး-ပေါ်မူ-တောင်ကြီး(အသွား/အပြန်)ရထားခရီးစဉ်၌ တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားစဉ်။

## တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား

နေပြည်တော် ဒီဇင်ဘာ ၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး(အသွား/အပြန်)ရထားခရီးစဉ်ကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိရာ ရထားစီးခရီးသည် စီးနင်းမှုများပြားလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၁၈ ကော်လံ ၁ ❍

## ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အင်ဒိုနီးရှားက စင်ကာပူကို ဂိုးပြတ်အနိုင်ရ



အရှေ့တောင်အာရှဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂) မှ ဒီဇင်ဘာ ၇ ရက် ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စင်ကာပူနှင့် အင်ဒိုနီးရှား အမျိုးသမီးပွဲစဉ်တွင် အင်ဒိုနီးရှားအမျိုးသမီးအသင်းက အကြိတ်အနယ်ကစားကာ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အင်ဒိုနီးရှားအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၄ ရက်က အိမ်ရှင်ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အဖွင့်ပွဲစဉ်တွင်လည်း ရှစ်ဂိုးပြတ် ရှုံးနိမ့်ထားသည်။ ထို့ကြောင့် နိုင်ပွဲရရေး ခြေကုန်ထုတ်လာသည့် အင်ဒိုနီးရှားအသင်းသည် ရရှိလာသည့် အခွင့်အရေးကို အမိအရအသုံးချကာ သွင်းဂိုးများအဖြစ်ပြောင်းလဲပြီး အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။

စင်ကာပူအသင်းသည် ပွဲချိန်မိနစ် ၃၀ အတွင်း ပြိုင်ဘက် အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် စာမျက်နှာ ၉ ကော်လံ ၁ ❏

ယနေ့ သတင်းအညွှန်း

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး
ပြည်တွင်းသတင်း စာ ၁၂

ဟာဝိုင်ယီပြည်နယ်ရှိ ခီလောယာမီး တောင်ပေါက်ကွဲမှုဖြစ်ပွား
နိုင်ငံတကာသတင်း စာ ၁၄